# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၂၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်အစိုးရအဖွဲ့ အကြီးအကဲနှင့် တွေ့ဆုံ

## နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr.Alexander Beglov တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr. Alexander Beglov နှင့် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် မန်းငြိမ်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်တို့


*စာမျက်နှာ ၃ ကော်လံ ၁* ●





မြန်မာ့အလင်း

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာ

ကမ္ဘာပေါ်တွင် နှစ်စဉ်ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူပေါင်း ၁ ဒသမ ၂ သန်းခန့်ရှိရာ နေ့စဉ် လူ ၃၀၀၀ ကျော်တို့ ယာဉ်အန္တရာယ်ဖြင့် သေဆုံးနေကြရခြင်း ဖြစ်သည်။ ယာဉ်မတော်တဆမှု ဖြစ်စဉ်များသည် လူ၏အားနည်းချို့ယွင်းမှု၊ ယာဉ်၏ အားနည်းချွတ်ယွင်းမှု၊ လမ်း၏ အားနည်းချွတ်ယွင်းမှု၊ ရာသီဥတု ပြင်းထန်ဆိုးရွားမှု စသည့်အကြောင်းရင်းခံတစ်ခုခုကြောင့်ဖြစ်ပြီး အဓိကအားဖြင့် လူကြောင့် အများဆုံး ဖြစ်ပွားရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မစတင်မီနှစ်များဖြစ်သည့် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့အတွင်း နှစ်စဉ်ယာဉ်တိုက်မှု ၁၅၀၀၀ နီးပါးခန့်နှင့် ဒဏ်ရာရသူ ၂၀၀၀၀ ကျော်၊ သေဆုံးသူ ၄၀၀၀ ကျော်တို့ရှိခဲ့သည်။ ယမန်နှစ် ၂၀၂၁ ခုနှစ်တွင် အမြန်လမ်းမကြီးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်တိုက်မှုပေါင်း ၆၄၂၀၊ ဒဏ်ရာရသူ ၈၃၁၁ နှင့် သေဆုံးသူ ၃၁၅၈ဦးတို့ ရှိခဲ့ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်သည် ယာဉ်မောင်းနှင်သူ၊ ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူတိုင်းက အထူးဂရုပြုရမည့် အန္တရာယ်များဖြစ်ကြောင်း ပြဆိုနေခြင်းပင်ဖြစ်သည်။ ယာဉ်တိုက်မှုများဖြစ်ပွားရာတွင် မော်တော်ယာဉ်များသာမက မော်တော်ဆိုင်ကယ်ဖြစ်စဉ်များက ထက်ဝက်ခန့်ပါဝင်နေရာ မော်တော်ယာဉ်မောင်းနှင်သူ၊ စီးနင်းသူများရော မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ စီးနင်းသူများပါ မိမိတို့ကိုယ်တိုင်၏ အသက်အန္တရာယ်လုံခြုံရေးအတွက်ရော၊ လမ်းပေါ်တွင် သွားလာနေသူများအတွက်ပါ စည်းကမ်းလိုက်နာခြင်းဖြင့် ဘေးကင်းကွာ နိုင်ကြမည်ဖြစ်သည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) က ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့် လူမှုဘဝဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအမံ (၅) ရပ်နှင့်အညီ လိုက်နာဆောင်ရွက်ရန် နှိုးဆော်ထားသည်။ NRSC ၏ အသိပေးနှိုးဆော်ချက်တွင် (က) မော်တော်ယာဉ်မောင်းနှင်သူနှင့် စီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ရန်၊ (ခ) ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်မှစီးနင်းသူများ အရည်အသွေးမီ ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်ရန်နှင့် မေးသိုင်းကြိုး ခိုင်ခံ့မြဲမြံစွာ တပ်ဆင်ရန်၊ (ဂ) အရက်မူးယစ်သေစာသောက်စား၍ ယာဉ်မောင်းနှင်မှုမပြုရန်၊ (ဃ) ယာဉ်မောင်းနှင်နေစဉ် ဟန်းဖုန်းမသုံးရန်နှင့် (င) မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက် ပိုမမောင်းရန် အသိပေးနှိုးဆော်ထားသည်။

မော်တော်ယာဉ်မတော်တဆမှုဖြစ်ပွားပါက အသက်ကယ်ထိုင်ခုံခါးပတ်မပတ်ပါက ဒဏ်ရာရမှု နှစ်ဆခန့်၊ သေဆုံးမှု လေးဆခန့် ပိုမိုသည်။ ဆိုင်ကယ်မတော်တဆမှုတွင်လည်း အရည်အသွေးမီ ဆိုင်ကယ်စီးဦးထုပ်မဆောင်းပါက ဒဏ်ရာရမှု နှစ်ဆကျော်ကျော်နှင့် သေဆုံးမှု လေးဆနီးနီးပိုမိုကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် သေဆုံးသူများ၏ သုံးပုံ တစ်ပုံသည် အရက်မူးပြီးကားမောင်းခြင်းကြောင့်ဖြစ်ပြီး လေးပုံ တစ်ပုံခန့်မှာ ကားမောင်းစဉ် ဖုန်းပြောခြင်းနှင့် ဆက်စပ်သည်ဟု ဆိုသည်။ မော်တော်ယာဉ်မောင်းနှင်ရာတွင် အမြန်နှုန်းမြင့်သည်နှင့်အမျှ မတော်တဆဖြစ်စဉ်တွင် အသက်ရှင်နိုင်ရန် အခွင့်အရေးနည်းသထက်နည်းပါးသည်ဖြစ်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် အသက်အန္တရာယ်နှင့် ကိုယ်လက်ခန္ဓာထိခိုက်မှုတို့မှ ရှောင်ရှားနိုင်ရေးအတွက် အသိပေးနှိုးဆော်ချက် (၅)ရပ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရေး အကျိုးမျှော်ကာ ထပ်ဆင့် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

နေပြည်တော် ဇူလိုင် ၁၅

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့) (၇၅) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဥဩဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရှိရသည်။

သတင်းစဉ်

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
➢ လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျ တပ်ဆင်ရန်။
➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
➢ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချိုလမ်းဆုံတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသား စိစစ်ရေးကတ်(သို့မဟုတ်)ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်)ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား ယူဆောင်လာပါရန်။
➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
➢ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
➢ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် - ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
➢ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
➢ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## လန်းတင့်ကြွယ်ကြွယ် မွေ့မပြယ်

* ဘယ်ခါမမေ့၊ မျက်ရည်ဝေ့လျက်
လွမ်းငွေ့လှိုက်ဆူ၊ ရင်ပူခဲ့ရိုး
ဆယ့်ကိုးဇူလိုင် ရောက်ပါကော။

* ဘယ်ခါမမေ့၊ ထိုရက်နေ့မှ
ယနေ့တိုင်အောင်၊ လွမ်းဖွဲ့နှောင်လျက်
မိုးမှောင်မုန်တိုင်း၊ ကဆုန်စိုင်းသို့
ရင်လှိုင်းတုန်ခတ်နေဆဲလေ။

* အံ့လောက်ပါရဲ့
နယ်ချဲ့စေပါး၊ လူရမ်းကားတို့
စဉ်းစားတွေးခေါင်၊ အချောင်စိတ်ကူး
ယစ်မူးအာဏာ၊ မက်မောပါ၍
ညှာတာမဲ့ကင်း၊ ရက်စက်ခြင်းကြောင့်
သွေးခင်းမခန်း၊ သွေးလမ်းစီဆင့်
ကိုးပွင့်ပန်းတို့ ကြွေကာလွင့်။

* ဩော် - ခုချိန်ခါဝယ်
မြန်မာတို့ဘုန်း ကမ္ဘာဖုံးအောင်
စည်းလုံးစုပေါင်း။
ကျိုးကြောင်းဆီလျော်၊ လမ်းစဉ်တော်နှင့်
တူပျော်ပြုံးပန်း၊ ဆင်ကာမြန်းပေ့ါ
လှပန်းကိုးပွင့်၊ ကြွေကာလွင့်လည်း
လန်းတင့်ကြွယ်ကြွယ် မွေ့မပြယ်။ ။

ဖိုလေးလုံးသောင်းကိုကို

●ရှေ့ဖုံးမှ

တက်ရောက်ကြပြီး စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ အကြီးအကဲနှင့်အတူ ရုရှား-မြန်မာ ချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌနှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ကြိုဆိုကြောင်းနှင့် ရုရှား-မြန်မာ နှစ်နိုင်ငံ ကောင်းမွန်သည့် ဆက်ဆံရေးသမိုင်းကြောင်းသည် နှစ်ပေါင်း ၇၅ နှစ်ကျော်ရှိပြီဖြစ်သည့် အခြေအနေ၊ စိန့်ပီတာစဘတ်မြို့ အခြေစိုက်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်လိုသည့် အခြေအနေများအပြင် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်၊ ပညာရေးနယ်ပယ်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်၊ ဘာသာသာသနာ ထွန်းကားပြန့်ပွားရေးအတွက် ယဉ်ကျေးမှုဖလှယ်ရေးရာနယ်ပယ် စသည်ဖြင့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲ Mr. Alexander Beglov တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးခွန်းများကို အတူတကွ ဖြေကြားစဉ်။



မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်အပြင် ကောင်းမွန်သည့်မူဝါဒများ ချမှတ်၍ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဇူလိုင်လ ၁ ရက်တွင် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသားများကို မိတ်ဆွေရင်းနိုင်ငံပီသစွာ ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသားများအားလုံးကိုယ်စား ကျေးဇူးတင်ရှိသည့် အခြေအနေ၊ စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်လှစ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေ၊ state level ၊ regional level ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**မေးခွန်းများဖြေကြား**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးခွန်းများကို အတူတကွ ဖြေကြားခဲ့ကြသည်။

**လိုက်လံရှင်းလင်းပြသ**

ထို့နောက် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ အကြီးအကဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အစိုးရအဖွဲ့ရုံးအတွင်း လှည့်လည်ပြသ၍ နိုင်ငံ့ခေါင်းဆောင်များ ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ရုံးခန်းများနှင့် ရုံးဖွဲ့စည်းဆောင်ရွက်မှုများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ အကြီးအကဲ Mr. Alexander Beglov အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် Peterhof (နွေရာသီနန်းတော်)တို့သို့ သွားရောက်လေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University မှ ပါမောက္ခချုပ် Mr.Andrey Ivanovich Rudskoy နှင့်အဖွဲ့ဝင်များနှင့် ကျောင်းအစည်းအဝေးခန်းမတွင်း တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Polytechnic State University နှင့် အထင်ကရနေရာတစ်ခုဖြစ်သည့် Peterhof (နွေရာသီနန်းတော်) သို့ သွားရောက်လေ့လာသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Polytechnic State University သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ ပါမောက္ခချုပ် Mr.Andrey Ivanovich Rudskoy နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အဝန်းအဝိုင်း ပုံစံငယ်များဖြင့် အဆောက်အဦနေရာချထားမှု အခြေအနေ၊ ဘာသာရပ်အလိုက် သင်ကြားနိုင်သည့် အခြေအနေ၊ ကျောင်းသား၊ ကျောင်းသူတို့အတွက် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်က တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ နည်းပညာတက္ကသိုလ်တို့နှင့် ဆက်သွယ်ဆောင်ရွက်လိုသည့် အခြေအနေ၊ ၂၀၀၆ ခုနှစ်အထိ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားများ စေလွှတ်ဆောင်ရွက်ခဲ့မှုကို အခြေခံ၍ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်လိုသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာတော်သင် သင်တန်းသားများ ပညာသင်ကြားခဲ့မှု၊ လက်ရှိတွင်လည်း ပညာတော်သင် သင်တန်းသားအရာရှိ အများအပြားတက်ရောက်လျက်ရှိသည့် အခြေအနေနှင့် Polytechnic State University သို့လည်း သင်တန်းသားများ စေလွှတ်သင်ကြားသွားမည်ဖြစ်သည့် အခြေအနေ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Polytechnic State University ပါမောက္ခချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Polytechnic State University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်မှ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသည့် ကုန်းရေနှစ်သွယ်သွား ရေယာဉ်၏ စွမ်းဆောင်နိုင်မှုများ၊ ကွန်ပျူတာအလုံးရေ

**■ St. Petersburg Polytechnic State University သည် ရုရှားနည်းပညာဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်ပြီး Peter the Great Polytechnic Institute သို့မဟုတ် Kalinin Polytechnic Institute ဟုလည်း ခေါ်ဝေါ်ကြ၊ ၁၈၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်လည်းဖြစ်**

တစ်သောင်းကျော်၏ စွမ်းဆောင်ရည်နှင့် ညီမျှသည့် Super Computer ကို အသုံးပြု၍ လျှပ်စစ်ပိုင်းတွက်ချက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုင်းတာတွက်ချက်ခြင်း၊ UAV နှင့် လေယာဉ်တို့မှ ရရှိသည့် အချက်အလက်များအပေါ် မူတည်၍ 3D တွက်ချက်ခြင်း၊ Drawing ရေးဆွဲခြင်းများ၊ အာကာသဆိုင်ရာ တွက်ချက်ခြင်း၊ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများအပါအဝင် အခြားတွက်ချက်မှု မှန်သမျှကို လုပ်ဆောင်နိုင်သည့် အခြေအနေများနှင့် သတ္တုထုတ်လုပ်မှုအလုပ်ရုံတို့ လုပ်ဆောင်နိုင်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Polytechnic State University အတွင်း ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန့်ပီတာစဘတ်မြို့ရှိ Peterhof (နွေရာသီနန်းတော်) အတွင်း ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား Peterhof (နွေရာသီနန်းတော်)မှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

*စာမျက်နှာ ၄ မှ*

အဆိုပါ St. Petersburg Polytechnic State University သည် ရုရှားနည်းပညာဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်ပြီး Peter the Great Polytechnic Institute သို့မဟုတ် Kalinin Polytechnic Institute ဟုလည်း ခေါ်ဝေါ်ကြကြောင်း၊ ၁၈၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုဗယ်ဆုရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်လည်း ဖြစ်ကြောင်း၊ တက္ကသိုလ်ကို အင်ဂျင်နီယာဌာနခွဲ၊ ရူပဗေဒဌာနခွဲနှင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဌာနခွဲဟူ၍ ဌာနခွဲကြီး သုံးခုဖြင့် ဖွဲ့စည်းထားကြောင်း၊ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဖင်လန်နိုင်ငံ၊ ဆီွဒင်နိုင်ငံနှင့် အခြားသော CIS အဖွဲ့ဝင်နိုင်ငံများ ကျောင်းသားများအပါအဝင် ကျောင်းသားဦးရေ စုစုပေါင်း ၃၀၀၀၀ ကျော်ခန့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

**မှတ်တမ်းတင်ဓာတ်ပုံများရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Peterhof Express ဆိပ်ကမ်းမှ တစ်ဆင့် Peterhof(နွေရာသီနန်းတော်)သို့ Hydrofoil အမြန်ရေယာဉ်ဖြင့် ရေလမ်းကြောင်းအတိုင်း စီးနင်းရောက်ရှိကြရာ Peterhof (နွေရာသီနန်းတော်)မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နွေရာသီနန်းတော်အတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။

**သမိုင်းဝင်နေရာတစ်ခု**

အဆိုပါ ရုရှားနိုင်ငံ၏ အထင်ကရအဆောက်အဦများတွင် တစ်ခုအပါအဝင်ဖြစ်သည့် Peterhof နန်းတော်ကို ရုရှားဘာသာဖြင့် **(ပျယ်ကျဲရ်ဂိုဖ်)** ဟု ခေါ်ဆိုကြောင်း၊ ဖင်လန်ပင်လယ်ကွေ့တွင် တည်ရှိသည့် ဤနန်းတော်ကြီးကို စိန့်ပီတာစဘတ်မြို့တော်ကိုတည်ခဲ့သည့် ဘုရင်ကြီး ပီတာက ဆောက်လုပ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ဆွီဒင်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား စစ်ပွဲတွင် ရုရှားက အနိုင်ရရှိပြီးနောက် ရုရှားနိုင်ငံ၏ အင်အားကြီးမားကြောင်းကို ပြသရန်အတွက် လှပခမ်းနားသည့် ထိုနန်းတော်ကြီးကို အချိန် ၁၀ နှစ်တိတိ ဆောက်လုပ်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် သမိုင်းဝင်နေရာတစ်ခုအဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုခဲ့ကြောင်း၊ ရေပန်းရုပ်တုများနှင့် ရေပန်းပေါင်း ၁၇၃ ခုရှိပြီး ရွှေရောင်ရုပ်တုကြီးများကို အသက်ဝင်လှပအောင် ထုလုပ်ထားကြောင်း၊ ဘုရင်ကြီး ပီတာအနေဖြင့် နန်းတော်ကြီးကို နွေရာသီသုံးနန်းတော်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ပင်လယ်မှ နန်းတော်အထိ တိုက်ရိုက်တူးမြောက်ဖောက်စေ၍ ရေကို နန်းတော်အခြေအထိ စီးဝင်လာစေပြီးနောက် နန်းတော်ရှေ့ ကြာကန်မှတစ်ဆင့် ရေပန်းဖြစ်စေရန် စနစ်တကျ ဖောက်လုပ်ထားကြောင်း၊ ရေပန်းမှ ဖြာထွက်သည့် ရေကို ကြာကန်ထဲသို့ ကျစေပြီး ထိုမှတစ်ဆင့် ဘေးပတ်ဝန်းကျင်ရှိ ဥယျာဉ်၊ ပန်းခြံတို့ကို ဖြတ်၍ ပင်လယ်ထဲသို့ ပြန်လည်စီးဝင်သွားစေရန် အသေးစိတ် စနစ်တကျပြုလုပ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ရုရှားတို့၏ ထူးခြားပြီး အဆင့်မီသည့် ဗိသုကာအစွမ်းကို ခန့်မှန်းရနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဖုံးဒဏ်ကို အများအပြား ခံရပြီး နန်းတော်အဆောက်အဦနှင့် ပန်းခြံအစိတ်အပိုင်းအများစု မီးလောင်ပျက်စီးခဲ့ပြီး ရေပန်းများနှင့် ဗိသုကာလက်ရာများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့နောက် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ၁၉၄၅ ခုနှစ်တွင် အများပြည်သူများလည်းပတ်ရန် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် နန်းတော်နှင့် ပန်းခြံအတွင်းရှိ ရေပန်းများကို အပြည့်အဝပြန်လည်ပြင်ဆင်ခဲ့ပြီး ယနေ့ထက်တိုင် ပိုမိုကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် ဆောင်းရာသီနှင့် ကျန်ရာသီများတွင် ရေပန်းများကို ပိတ်ထားလေ့ရှိပြီး နွေရာသီရောက်မှသာလျှင် ဖွင့်လှစ်ပြသလေ့ရှိကြောင်း သိရှိရသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများသည်လည်း စိန့်ပီတာစဘတ်မြို့ရှိ ပါလီမန်အဆောက်အဦ၊ Onegin ပန်းချီအရောင်းဆိုင်နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြရာ သက်ဆိုင်ရာနေရာများအလိုက်မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီး အရာရှိများ စိန့်ပီတာစဘတ်မြို့ရှိ အထင်ကရအဆောက်အဦရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Republic of the Tatarstan ရှိ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံနှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၁၃ ရက်တွင် Republic of the Tatarstan၊ ကာဇန်မြို့ရှိ Kazan Aircraft Production Association နှင့် HIMGRAD Industrial Complex တို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

**ကိုယ်တိုင်စမ်းသပ်မောင်းနှင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ Mr.Vladimir Ginsburg နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ရဟတ်ယာဉ်ထုတ်လုပ်မှု အဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Simulator ဖြင့် ရဟတ်ယာဉ် စမ်းသပ်မောင်းနှင်ခန်းသို့ ရောက်ရှိ လေ့လာပြီး ကိုယ်တိုင်စမ်းသပ်မောင်းနှင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံ မန်နေဂျင်းဒါရိုက်တာတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံ၌ Simulator ဖြင့် ရဟတ်ယာဉ်စမ်းသပ်မောင်းနှင်ခန်းတွင် ကိုယ်တိုင်စမ်းသပ်မောင်းနှင်စဉ်။

**ဆုတံဆိပ်ပေါင်း ၂၇ ခုကျော် ရရှိထား**

အဆိုပါ PJSC “Kazan Helicopters” ထုတ်လုပ်ရေးအလုပ်ရုံသည် ၁၉၄၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး Rostec Cooperation မှ ပိုင်ဆိုင်သည့် Russian Helicopters ကုမ္ပဏီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့အချိန်ကာလအထိ Mi-4၊ Mi-8၊ Mi-14၊ Mi-17 နှင့် Ansat အမျိုးအစား ရဟတ်ယာဉ်ပေါင်း ၁၂၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး နိုင်ငံပေါင်း ၁၀၀ သို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ Kazan ရဟတ်ယာဉ် ထုတ်လုပ်ရေး အလုပ်ရုံသည် ၂၀၀၇ ခုနှစ်တွင် အဓိကရှယ်ယာရှင် ဖြစ်လာမည့် Russian Helicopters ဖက်စပ်ကုမ္ပဏီသို့ ဝင်ရောက်ခဲ့ပြီး Mi-38 အလတ်စား ဘက်စုံသုံး ရဟတ်ယာဉ်အတွက် ရွေ့ပြောင်းတည်ဆောက်ခြင်းနှင့် အများအပြား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၁၉၄၅ ခုနှစ်မှ စတင်ကာ ၂၀၂၀ ပြည့်နှစ်အထိ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်ပေါင်း ၂၇ ခုကျော် ရရှိထားပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် HIMGRAD Industrial Complex သို့ ရောက်ရှိကြရာ အထွေထွေဒါရိုက်တာ Airat Mansurovich က Complex အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ရှင်းလင်းပြောကြားမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား HIMGRAD Industrial Complex အတွင်း လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ၊ လျှပ်စစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုးကို ထုတ်လုပ်နေမှု၊ ဖြန့်ဖြူးမှုတို့နှင့်ပတ်သက်၍ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့် UAV ထုတ်လုပ်ရေးအလုပ်ရုံ၊ စစ်ဘက်သုံး သယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံး ကျည်ကာပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များ ထုတ်လုပ်ထားရှိမှုတို့ ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အား မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းမှ အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာ ထုတ်လုပ်သည့် Organic plant သို့ ရောက်ရှိလေ့လာခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် HIMGRAD Industrial Complex အတွင်း လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများမှ ခင်းကျင်းထားသည့် ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ် ကာဇန်မြို့ ကာဇန်လေဆိပ်မှတစ်ဆင့် စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ တာတာစတန်ပြည်နယ်မှ တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် စိန့်ပီတာစဘတ်မြို့ ပူကောဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဘက်သုံး သယ်ယူပို့ဆောင်ရေးနှင့် စစ်မြေပြင်သုံး ကျည်ကာ ပို့ဆောင်ရေးယာဉ်၊ အင်ဂျင်များထုတ်လုပ်ထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ် အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။

**(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် လဟယ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်နယ်မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။**(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး Booster Dose ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။**(အောက်ပုံ)**

ထို့နောက် လဟယ်မြို့ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုပြတိုက်၌ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။






ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း၊ သင်တန်းခန်းမ၌ ပြုလုပ်သည့် ဒေသအဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြရာ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ သင်တန်းခန်းမရှိ သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟို) ဘုန်းတော်ကြီးကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်း (လဟယ်)သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဆင်းပွဲ ကျင်းပ

**ဘီးလင်း ဇူလိုင် ၁၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာရည်၊ ဆပ်ပြာခဲ) သင်တန်းဆင်းပွဲ အခမ်းအနားကို ဘီးလင်းမြို့ အင်းဗျားကျေးရွာ ဓမ္မရုံကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူးက သင်တန်းဆင်း အမှာစကား ပြောကြားကာ သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ကျေးလက်ဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ သင်တန်းသူ သင်တန်းသား ၁၅ ဦးအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ငါးရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင် ခိုလမ်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည် မိသားစုများနှင့် ဒေသခံပြည်သူများကို သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ကျန်းမာရေးတိုးတက်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်နှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စုပေါင်းတံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ဆုချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် အမျိုးသမီးတံခွန် စိုက်ဒိုင်းဆုဆွတ်ခူးသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ဆုချီးမြှင့်စဉ်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အမျိုးသား နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆု ရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်ကလည်းကောင်း၊ ပထမဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်ကလည်းကောင်း။

အမျိုးသမီး နှစ်ယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကလည်းကောင်း၊ ပထမဆုရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်ကလည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသား သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် နေပြည်တော်ကောင်စီနယ်မြေအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးကလည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာကလည်းကောင်း၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်ကလည်းကောင်း၊ စုပေါင်းတံခွန်စိုက်ဒိုင်းဆု ဆွတ်ခူးသွားသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်ကလည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ ပြိုင်ပွဲဝင် အားကစားသမား ၃၆၈ ဦးတို့သည် အမျိုးသား နှစ်ယောက်တွဲ၊ သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး နှစ်ယောက်တွဲ၊ သုံးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၈) သင်တန်းဆင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၈) သင်တန်းဆင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ယခုဖွင့်လှစ်ခဲ့သော သင်တန်းတွင် ဝန်ကြီးဌာနများ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တို့မှ နိုင်ငံတော်၏ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းကြီးများ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားစေရန်၊ ပြည်တွင်းပြည်ပ ဗဟုသုတများ ကြွယ်ဝစေရန်၊ နိုင်ငံ့ဝန်ထမ်း ဥပဒေများကို သိမြင်နားလည်လိုက်နာ ကျင့်သုံးတတ်စေရန်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး တိုးတက်မှု အခြေခံသဘောတရားများ သိမြင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ပြင်ပကျွမ်းကျင်ပညာရှင်များကလည်း သိသင့်သိထိုက်သည့် ပညာရပ်များကို ၎င်းတို့၏ အတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်က ဆွေးနွေးပို့ချပေးကြသည်ကို စိတ်ဝင်တစား လေ့လာသင်ယူခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ယနေ့မျက်မှောက်ခေတ်တွင် ဆရာသည် ကျောင်းသားကို သင်ကြားပြသသူ သက်သက်မဟုတ်ဘဲ သင်ယူမှုလွယ်ကူရန် ကူညီသူ၊ လမ်းညွှန်သူ၊ နည်းလမ်းပြသူ၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးသူများ ဖြစ်သည့်အပြင် ဆရာ ဆရာမများ၏ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ၊ ပြောဆိုပြုမူခြင်းဆိုင်ရာများသည် ကလေးများ၏ စံပြနမူနာဖြစ်သည့်အတွက် နမူနာကောင်းဖြစ်အောင် ကျင့်ကြံနေထိုင်ကြစေ လိုပါကြောင်း တိုက်တွန်းမှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ပြီး သင်တန်းဆင်း အောင်လက်မှတ်များချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၉၄ ဦး၊ သင်တန်းသူ ၃၇၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၃ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ရက်သတ္တငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ဇူလိုင် ၁၄ ရက်တွင် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁၀) နှင့် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁၁)တွင် တက်ရောက်လျက်ရှိသော သင်တန်းသား အဆင့်မြင့် အရာရှိကြီးများကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ လုပ်ငန်းတာဝန်များ ပြုပြင်ပြောင်းလဲတိုးတက်ဆောင်ရွက်မှု၊ ကုလသမဂ္ဂနှင့်မြန်မာ နိုင်ငံတကာဆက်ဆံရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပို့ချသည်။

ထို့နောက် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံစွမ်းအား၏ အရေးပါမှု၊ နိုင်ငံ့ခွန်အား တိုးတက်အောင် ဆောင်ရွက်နေမှု၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအရနိုင်ငံတကာဆက်ဆံရေးကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီး သင်တန်းသားများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက္ကသိုလ်အတွင်း စိုက်ပျိုးထားရှိသော စိုက်ခင်းများနှင့် တက္ကသိုလ်တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။





**သတင်းစဉ်**

# ဇဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် သင်တန်းသားအရာထမ်း၊ အမှုထမ်း စုစုပေါင်း ၃၉၃၈၂ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ ဇဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့၏ ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

**စံချိန်မီအရည်အသွေး ကောင်းမွန်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ မြန်မာ့မီးရထားရိပ်သာ၌ ပြင်ဦးလွင်တပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဇီးပင်ကြီး – ပြင်ဦးလွင် – နောင်ချို – ဂုတ်ထိပ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု ဆောင်ရွက်နေသည့်လုပ်ငန်းများ ထိရောက်စွာ ပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ချက်များကို မှာကြားသည်။ ယင်းနောက် အဆိုပါလမ်းပိုင်း၌ တာဝန်ထမ်းဆောင်နေကြသည့် အင်ဂျင်နီယာဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ စနစ်တကျရှိရေး၊ စံချိန်မီအရည်အသွေးကောင်းမွန်ရေး၊ ဌာနပိုင်သံလမ်း၊ ဇလီဖားတုံးနှင့် ဆက်စပ်ပစ္စည်းများစနစ်တကျ ထိန်းသိမ်းအသုံးပြုစေရေး မှာကြားသည်။





**အတတ်ပညာ၊ အသိပညာများ သင်ကြားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ဇဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားရာတွင် **(အပေါ်ပုံ)** ဇဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းသည် နိုင်ငံတော်၏ ပို့ဆောင်၊ ဆက်သွယ်မှုကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနလက်အောက် အရာထမ်း၊ အမှုထမ်းများကို စိတ်ဓာတ်၊ စည်းကမ်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးနေသည့် သင်တန်းကျောင်းတစ်ခု ဖြစ်ပါကြောင်း၊ လက်ရှိအချိန်အထိ သင်တန်းသားအရာထမ်း ၆၃ ဦး၊ အမှုထမ်း ၃၈၇၄၄ ဦး စုစုပေါင်း ၃၉၃၈၂ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားဝန်ထမ်းများကို အတတ်ပညာ၊ အသိပညာများ စနစ်တကျ သင်ကြားပေးရေး၊ ဝန်ထမ်းကောင်းတစ်ဦး စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း၊ ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ရေးအတွက် လေ့ကျင့်ပေးရေး၊ ပြည်သူအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးတို့ကို အဓိကထား၍ လေ့ကျင့်သင်ကြားပေးသွားရန် ဖြစ်ကြောင်း မှာကြားသည်။

**သင်တန်းထူးချွန်ဆု ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပြီး သင်တန်းကျောင်း၏ တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။ ထို့အတူ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဌာန၏ သန့်ရှင်းရေးဆု၊ စိုက်ပျိုးရေးဆု၊ သင်တန်းထူးချွန်ဆု ရရှိသည့်ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်မိသားစုများကို စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းအတွင်း သရုပ်ပြဆောင်များရှိ သင်ထောက်ကူပစ္စည်းများ ထားရှိအသုံးချနိုင်မှု၊ နှစ်ရှည်ပင်များနှင့် ရာသီသီးနှံစိုက်ခင်း စိုက်ပျိုးထားရှိမှု၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ တိုင်းတာရေးစခန်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး ဌာနအလိုက်ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးသည်။

**ဆိုလာရေတင်စနစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါက်ခေါင်းမြို့နယ် ချောင်းကျိုးကျေးရွာတွင် စိုက်ပျိုးထားသော မျိုးနေကြာစိုက်ခင်းကိုလည်းကောင်း၊ မိုဘိုင်းဆိုလာအသေးစား ရေတင်စနစ်ဖြင့် နေကြာအပါအဝင် စိုက်ပျိုးရေရရှိရေး Pilot စမ်းသပ်ဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကဏ္ဍအနေဖြင့် နေကြာစိုက်ပျိုးသူများ မျိုးနှင့် သွင်းအားစုအတွက် လိုအပ်ငွေကို မြစိမ်းရောင် (နေကြာဆီထွက်သီးနှံ) စီမံကိန်းမှ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်တောင်သူများထံမှ အရည်အသွေးမီမျိုးစေ့များကို ပြန်လည်စိုက်ပျိုးမည့် တောင်သူများမှ စနစ်တကျဝယ်ယူစိုက်ပျိုးနိုင်ရေး သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတောင်မြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။

**ကျေးရွာချင်းဆက် လမ်းခင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၂၅၀၀ ကျော် ဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိသည့် ပွဲသာ–ရှားတိုင်း–ကျောက်ထရံ ကျေးရွာချင်းဆက် ကျောက်ချောလမ်း အရှည်တစ်မိုင် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ခေတ်မြေသြဇာများ ထောက်ပံ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သဲကုန်းမြို့နယ် ပုတီးကုန်းကျေးရွာ၌ အောင်နိုင်သစ္စာကုမ္ပဏီလီမိတက်နှင့် အောင်သဇင်စိုက်ပျိုးရေးနှင့် အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Contract Farming စနစ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းသားများ၊ တောင်သူများအား သွင်းအားစုခေတ်မြေသြဇာများ ထောက်ပံ့ပေးအပ်၍ အသင်းပိုင် ဆန်စက်လည်ပတ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် မှန်တန်းကြီးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် သမဝါယမဦးစီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့ငွေ ၅၀ ရာခိုင်နှုန်း မှန်တန်းကြီး စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ၅၀ ရာခိုင်နှုန်းဖြင့် ဝယ်ယူထားသော ငွေကျပ် ၂၇၂ ဒသမ ၇၀၈၈၉ သိန်း တန်ဖိုးရှိ Daedong RX7620 ထွန်စက် နှစ်စီးကို လည်းကောင်း၊ ကျေးလက်စီးပွား ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို မှန်တန်းကြီး ကျေးရွာ ရန်ပုံငွေကြီးကြပ်မှု ကော်မတီများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကာ ဆပ်ပြာချက် နည်းသင်တန်းသူများ ထုတ်လုပ်ထားသော ဆပ်ပြာရည်၊ ဆပ်ပြာခဲအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးသည်။

**စီမံကိန်းရန်ပုံငွေ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ ဆရာစံ ခန်းမတွင် နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ သုံးစွဲနိုင်ရန် သာယာဝတီခရိုင် အတွင်းရှိ ကျေးရွာ ၁၂၅ ရွာအား စီမံကိန်း ရန်ပုံငွေပေါင်း ကျပ်သန်း ၁၃၄၀ ကို သက်ဆိုင်ရာ ကျေးရွာ ကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်

**ကျိုက်ထို ဇူလိုင် ၁၅**

ကျိုက်ထိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ် တုံ့ပြန်မှုများဆိုင်ရာ Simulation exercise အဖြစ် အသိပညာပေးဟောပြောခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ယမန်နေ့က ကျိုက်ထိုမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများဆိုင်ရာ Simulation exercise အဖြစ် ကျိုက်ထိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်း၍ တိရစ္ဆာန်မွေးမြူထားသော ခြံပိုင်ရှင်များအား တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာများကိုအသိပညာပေးဟောပြောခြင်းနှင့် ကျွဲ၊ နွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးဝင့်ကိုနှင့် ဝန်ထမ်းများက လိုက်လံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# အပြုံးပန်းတွေဝေဆာဖို့ ငုံးမွေးမြူရေးဖြင့် မိသားစုဝင်ငွေရှာကြစို့

လှူငယ်သုတေသီများ(မွေးသု)

## ကမ္ဘာကြီးနှင့် ငုံးမွေးမြူရေး


ယနေ့ကမ္ဘာကြီးသည် နည်းပညာများ အဘက်ဘက်မှ တိုးတက်လာသည်နှင့်အမျှ မွေးမြူထုတ်လုပ်ရေး နည်းစနစ်များသည်လည်း တိုးတက်လျက်ရှိပါသည်။ တိုးတက်လာသော မွေးမြူရေးလုပ်ငန်းများတွင် ငုံးမွေးမြူရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် တစ်ကမ္ဘာလုံး ငုံးမွေးမြူရေး၏ ဝ ဒသမ ၈၇ ရာခိုင်နှုန်းခန့် လုပ်ကိုင်နေကြပြီး စီးပွားဖြစ်မွေးမြူနေကြသူများလည်းရှိပါသည်။ ငုံးမွေးမြူရေးလုပ်ငန်းသည် နေရာကျဉ်းကျဉ်းနှင့် အကောင်ရေများများ မွေးမြူနိုင်သောလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ကနဦးအရင်းအနှီးနှင့် လုပ်အားမှာလည်း အနည်းငယ်မျှသာ လိုအပ်ပါသည်။ ငုံးမွေးမြူခြင်းသည် ကာလတိုအတွင်း အကျိုးအမြတ်မြန်ဆန်စွာရရှိပြီး စနစ်တကျမွေးမြူပါက ကူးစက်ရောဂါဖြစ်ပွားမှုလည်း နည်းပါးသဖြင့် မိသားစုဝင်ငွေအတွက် တွက်ခြေကိုက်သောလုပ်ငန်းတစ်ခုဖြစ်ပါသည်။

## ငုံးမျိုးများ

ငုံးဆိုသည်မှာ ရစ်ငှက်မျိုးနွယ်ဝင် မြေကြီးပေါ်တွင် အသိုက်ပြုလုပ်နေထိုင်တတ်သော ငှက်အမျိုးအစားဖြစ်ပြီး ခန္ဓာကိုယ်အရွယ်အစား သေးကာ ခြေတံတိုသည်။ ငုံး၏ သိပ္ပံအမည်မှာ Coturnix coturnix ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ငုံးမျိုးစိတ်ပေါင်း ၁၃ဝ ကျော်ရှိပြီး ၎င်းတို့၏ အရွယ်အစားနှင့် အသွင်အပြင်ကိုလိုက်ကာ အနည်းငယ်မျှသာ ကွာခြားပါသည်။ ကမ္ဘာပေါ်တွင် တွေ့ရများသော ငုံးမျိုးစိတ်များမှာ Common quail (Coturnix coturnix)၊ Japanese quail (Coturnix japonica)၊ Blue–breasted quail (Coturnix chinensis) နှင့် Rain quail (Coturnix coromandelica) တို့ဖြစ်ကြပါသည်။ ၎င်းတို့အနက် စီးပွားဖြစ်မွေးမြူရာတွင် မွေးမြူမှုအများဆုံးငုံးမှာ Japanese quail ဖြစ်ပြီး တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဥစားရန်အတွက် အဓိက မွေးမြူကြကာ ဥရောပနှင့် အမေရိကနိုင်ငံများတွင် အသားအတွက် အဓိကထား မွေးမြူကြပါသည်။ မြန်မာနိုင်ငံတွင်မူ Common quail (Coturnix coturnix)နှင့် Japanese quail (Coturnix japonica)တို့ကို ဥနှင့်အသားအတွက် စီးပွားဖြစ်အများဆုံး မွေးမြူကြပါသည်။

## ထုတ်လုပ်မှုနှင့် စားသုံးမှု

ယခုအခါတွင် တရုတ်နိုင်ငံ၌ တစ်နှစ်လျှင် ငုံးဥပေါင်း ၄၉ဝဝဝဝ မက်ထရစ်တန်နှုန်းဖြင့် အများဆုံး ထုတ်လုပ်လျက်ရှိပြီး တရုတ်ရိုးရာအစားအစာနှင့် နာမည်ကြီးဟင်းလျာအများစုတွင် ငုံးဥသည် မပါမဖြစ် ပါဝင်လျက်ရှိပါသည်။ ကမ္ဘာ့နာမည်ကြီး ဟင်းလျာများတွင်လည်း ငုံးဥသည် မပါမဖြစ် ပါဝင်ပစ္စည်းတစ်ခုဖြစ်ပြီး ငုံးသားမှာလည်း လွန်စွာနူးညံ့သောကြောင့် လူကြိုက်များလှပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် ငုံးဥအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ငုံးဥပေါင်း ၅၅ဝဝဝ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး၏ ၆ဝ ရာခိုင်နှုန်းသော ငုံးဥများသည် ငုံးမွေးမြူရေး အများဆုံးလုပ်ကိုင်သော မြန်မာနိုင်ငံအလယ်ပိုင်းရှိ မုံရွာမြို့မှ ထွက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ငုံးဥကို သရေစာအဖြစ် စားသုံးခြင်း၊ ဟင်းချက်ရာတွင် ထည့်ခြင်းများ ပြုလုပ်ပြီး ငုံးကင်နှင့် ငုံးကြော်မှာလည်း မြန်မာလူမျိုးများအကြိုက် အစားအစာများ ဖြစ်ပေသည်။




❑ **ကမ္ဘာ့နာမည်ကြီး ဟင်းလျာများတွင်လည်း ငုံးဥသည် မပါမဖြစ် ပါဝင်ပစ္စည်းတစ်ခုဖြစ်ပြီး ငုံးသားမှာလည်း လွန်စွာနူးညံ့သောကြောင့် လူကြိုက်များလှပေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် ငုံးဥအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် ငုံးဥပေါင်း ၅၅ဝဝဝ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး၏ ၆ဝ ရာခိုင်နှုန်းသော ငုံးဥများသည် ငုံးမွေးမြူရေး အများဆုံး လုပ်ကိုင်သော မြန်မာနိုင်ငံအလယ်ပိုင်းရှိ မုံရွာမြို့မှ ထွက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ငုံးဥကို သရေစာအဖြစ် စားသုံးခြင်း၊ ဟင်းချက်ရာတွင် ထည့်ခြင်းများ ပြုလုပ်ပြီး ငုံးကင်နှင့် ငုံးကြော်မှာလည်း မြန်မာလူမျိုးများအကြိုက် အစားအစာများ ဖြစ်ပေသည်**

## ငုံးဥနှင့် ငုံးသားတို့၏ အာဟာရဓာတ်များနှင့် အကျိုးကျေးဇူးများ

ငုံးဥတွင် အသားဓာတ်၊ သံဓာတ်၊ အဆီဓာတ်၊ ဗီတာမင် A၊ ဗီတာမင် B1 နှင့် B2၊ ကယ်လ်ဆီယမ်၊ ဆိုဒီယမ်၊ မဂ္ဂနီဆီယမ်နှင့် အခြားသတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်ပေသည်။ ငုံးသား ၁ဝဝ ဂရမ်တွင် ပရိုတင်းဓာတ် ၂၅ ဂရမ်၊ အဆီဓာတ် ၁၄ ဂရမ်၊ ကယ်လိုရီဓာတ် ၂၂၇ တို့ပါဝင်ပြီး ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်နှင့် သကြားဓာတ်များ မပါဝင်ပါ။ ထို့ပြင် သံဓာတ်၊ ဇင့်ဓာတ်၊ ဗီတာမင် B3 နှင့် B6 များ ကြွယ်ဝစွာ ပါဝင်ပေသည်။ ငုံးဥစားသုံးခြင်းဖြင့် ခုခံစွမ်းအား ကောင်းမွန်စေခြင်း၊ ခန္ဓာကိုယ်တွင်း ဇီဝပြောင်းလဲမှုဖြစ်စဉ်ကို တိုးတက်စေခြင်း၊ အမြင်အာရုံ ကောင်းမွန်စေခြင်း၊ အရိုးအဆစ်များ သန်မာစေခြင်း၊ ဓာတ်မတည့်မှုကို သက်သာစေခြင်း၊ စိတ်ဖိစီးမှုကို သက်သာစေခြင်း၊ သွေးအားနည်းရောဂါကို သက်သာစေခြင်း အစရှိသည့်အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

## စနစ်တကျ ငုံးမွေးမြူနည်း

ငုံးမွေးမြူရာတွင် ပထမဆုံးအနေဖြင့် မျိုးရွေးချယ်ရပါမည်။ မျိုးရွေးချယ်ရာ၌ ကြီးထွားနှုန်းကောင်းမွန်သော၊ ဥဥနှုန်း ကောင်းမွန်သော၊ ပတ်ဝန်းကျင်ရေမြေရာသီဥတုနှင့် ကိုက်ညီသောမျိုးများကို ရွေးချယ်မွေးမြူသင့်ပါသည်။ ငုံးများသည် အသက် ခြောက်ပတ်သားအရွယ်တွင် ဥဥခြင်းစတင်ပြီး တစ်နေ့ တစ်လုံး ဥလေ့ရှိပါသည်။ ငုံးများသည် အသက် လေးပတ်သားအရွယ်ထိ အနွေးဓာတ်ပေးရန် လိုအပ်သောကြောင့် တစ်ပတ်သားအရွယ်ငုံးများကို ရွေးချယ်မွေးမြူမည်ဆိုပါက အနွေးဓာတ်ပေးကာ ပြုစုစောင့်ရှောက်ရပါမည်။ ဥထုတ်လုပ်မှုဆောလျင်စွာရလိုပါက အသက်လေးပတ်သားအရွယ်ငုံးများကို ရွေးချယ်မွေးမြူသင့်ပါသည်။ ထို့ကြောင့် ငုံးတစ်ကောင်သည် နှစ်လမှ ရှစ်လအထိ ဥဥနှုန်းကောင်းမွန်ပြီး နောက်ပိုင်းတွင် ဥနှုန်းကျဆင်းသွားလေ့ရှိပါသည်။ ဥဥနှုန်း ကျဆင်းသွားသော ငုံးများကိုလည်း အသားစားသုံးရန်အတွက် ပြန်လည်ရောင်းချနိုင်ပါသည်။

ငုံးထီးများ၏ ထင်ရှားသည့် သွင်ပြင်လက္ခဏာမှာ နှုတ်သီးအနည်းငယ် ရှည်ထွက်နေပြီး လည်ပင်းမှာ အနီရောင်သန်းကာ ကျောဘက်တွင် အမည်းပြောက်များရှိပါသည်။ ငုံးမများသည် ငုံးထီးများထက် အရောင်ပိုဖျော့၍ လည်ပင်းတွင် ဘယက်ကဲ့သို့ အပြောက်များပါသည်။ ငုံးထီးများသည် ငုံးမများထက် မြည်တွန်သံ ပိုကျယ်သည်။

*စာမျက်နှာ ၁၁ သို့*



ပြည်တွင်းရှိ ငုံးမွေးမြူရေးခြံတစ်ခု၌ ငုံးများ စနစ်တကျ မွေးမြူထားစဉ်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော် အေးမြင့်သာယာတံတားနှစ်စင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ ထိစပ်လျက်ရှိသည့် ဆင်သေချောင်းကို လွယ်ကူစွာဖြင့် ဖြတ်ကျော်သွားလာနိုင်စေရန် နေပြည်တော်ကောင်စီ၏ ငွေအပ်လုပ်ငန်းအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူဆောက်လုပ်သည့် အေးမြင့်သာယာ တံတားနှစ်စင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတံတားရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများသည်အေးမြင့်သာယာတံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက အေးမြင့်သာယာတံတား နှစ်စင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အေးမြင့်သာယာတံတားနှစ်စင်းကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတံတားသည် တံတားအရှည် ပေ ၃၆၀ ၊ တံတားတစ်စင်း အကျယ် ၅၆ ပေ၊ တံတားနှစ်စင်း အကွာအဝေး ၃၉ ပေ၊ တံတား အမျိုးအစား အုတ်မြစ်ဘိုးပိုင်၊ ကိုယ်ထည် သံကူကွန်ကရစ်၊ အပေါ်ထည် သံမဏိသံပေါင် ရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်း၊ တံတားပုံစံ Skew Type၊ ရေလမ်းကင်းလွတ်အမြင့် အမြင့်ဆုံးရေမှတ်အထက် ၄ ပေ၊ တံတားခံနိုင်ရည် တန် ၆၀ နှင့် ချဉ်းကပ်လမ်းအရှည် ၂၀၈၈ ပေ ရှိကြောင်းသိရသည်။

အေးမြင့်သာယာ တံတားနှစ်စင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ၍ ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်ဆောင်ရွက်



**လယ်ဝေး ဇူလိုင် ၁၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အဖြစ် ဇူလိုင် ၁၁ ရက်မှစတင်ကာ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးရွာများသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နေပြည်တော်မှ တိုင်းဦးစီးမှူး ဒေါက်တာစံထွန်းဝေနှင့် လယ်ဝေးမြို့နယ်ဦးစီးမှူး ဒေါက်တာလှမျိုးသန့်တို့က ဦးဆောင်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်း၊ ကျွဲ၊ နွားရောဂါများကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဗီနိုင်းများဖြင့် ရှင်းလင်းပြသသည်။ လယ်ဝေးမြို့နယ်၌ ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ သာယာကုန်း၊ ပင်ငါးမျှော်၊ ဝက်လက်၊ ပင်သောင်၊ သဲကောကြီး၊ သဲကောလေး၊ ဝက္ကမူ၊ အေလာ မြို့သစ်၊ ရွာမ၊ စက်ပိုင်း၊ ရွာသစ် စသည့်ကျေးရွာများသို့ ကွင်းဆင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မျိုးငုံးများ မွေးမြူမည်ဆိုပါက အထီးအမ အချိုး ၁:၅ ခန့် ထားရှိသင့်ပါသည်။ မျိုးငုံးဥများကို စက်နှင့်သားဖောက်ပါက ၁၈ ရက်အကြာတွင် အကောင်ပေါက်လာနိုင်ပါသည်။ ငုံးစတင်မွေးမြူသူများအတွက် ဆောင်ရွက်ရမည့် နည်းလမ်းအချို့ကို ဖော်ပြအပ်ပါသည်-

**ခြံတည်ဆောက်ပုံ**

လှောင်အိမ်ကို ဒေသထွက်သစ်၊ ဝါးတို့ဖြင့်လည်းကောင်း၊ သံဆန်ခါကို အသုံးပြု၍ လည်းကောင်း တည်ဆောက်နိုင်ပါသည်။ အလျား လေးပေ၊ အနံ သုံးပေ၊ အမြင့် နှစ်ပေရှိ လှောင်အိမ်တွင် ငုံးကောင်ရေ ၅၀ မွေးမြူနိုင်ပါသည်။ ခြံကို လေဝင်လေထွက် ကောင်းမွန်သောနေရာတွင် ရွေးချယ်ပြီး မွေးမြူရပါမည်။ ဥဥနေသော ငုံးမများကို တစ်ရက်လျှင် အလင်းရောင် ၁၆ နာရီ ရရှိအောင် ဆောင်ရွက်ထားပေးသင့်ပါသည်။

**အစာကျွေးမွေးမှုစနစ်**

ငုံးများကို အစာကျွေးမွေးရာ၌ စနစ်တကျ ရောစပ်ကျွေးမွေးပါက အာဟာရဖြစ်ထွန်းပြီး ဥဥနှုန်း မြင့်မားလာပါမည်။ ပြောင်း၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်နှင့် ငါးမှုန့်တို့သည် ငုံးများအတွက် အာဟာရဓာတ် ကြွယ်ဝသော အဓိကအစာများဖြစ်သည်။ သတ္တုဓာတ်များနှင့် ဗီတာမင်များကလည်း မပါမဖြစ်အရေးပါလှပေသည်။ ဗီတာမင်ဓာတ်ချို့တဲ့ပါက ဥဥနှုန်း ကျဆင်းကာ ဥသက်တမ်းလည်း တိုတောင်းလာပါသည်။ ငုံးအစာတွင် ပရိုတင်းဓာတ် ၂၂ ရာခိုင်နှုန်း၊ အဆီဓာတ် ၃ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၅ ရာခိုင်နှုန်း အချိုးညီညီ ပါဝင်ရပါမည်။ ငုံးမွေးမြူရာတွင် ရေသည် အစာကို ကြေညက်စေပြီး ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိရာတွင် အထောက်အကူပြုသောကြောင့် ၂၄ နာရီ ရေအမြဲရရှိရန် လိုအပ်ပါသည်။





ငုံးခြံတစ်ခုအတွင်း မွေးမြူထားသော ငုံးများနှင့် ထွက်ရှိသော ငုံးဥများ။

**ငုံးတစ်ကောင်၏ တစ်ရက်ပျမ်းမျှအစာစားနှုန်း**

| | | |
|---|---|---|
| လေးပတ်သား | - | ၁၅ ဂရမ် (၀ ဒသမ ၉ ကျပ်သား) |
| ငါးပတ်သား | - | ၁၅ ဂရမ် (၀ ဒသမ ၉ ကျပ်သား) |
| ခြောက်ပတ်သား | - | ၁၈ ဂရမ် (၁ ဒသမ ၁ ကျပ်သား) |
| ခုနစ်ပတ်သား | - | ၂၁ ဂရမ် (၁ ဒသမ ၂ ကျပ်သား) |
| ရှစ်ပတ်သား | - | ၂၄ ဂရမ် (၁ ဒသမ ၄ ကျပ်သား) |

**ကျန်းမာရေးစောင့်ရှောက်မှု**

ငုံးများကို မွေးမြူရာတွင် ပုံမှန်သန်ချဆေး ပေးရန် လိုအပ်ပါသည်။ ငုံးများတွင် ချေးဖြူရောဂါ၊ လည်လိမ်ရောဂါ၊ သွေးဝမ်းကျရောဂါ၊ မားရက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် ကြိုတင်ကာကွယ်ထားရန် လိုအပ်ပါသည်။ ဝမ်းရောဂါဖြစ်ပွားပါက ရုတ်တရက် သေဆုံးနိုင်သဖြင့် အစာနှင့်ရေတွင် ဆေးထည့်ကျွေးခြင်းဖြင့် ကြိုတင်ကာကွယ်ထားရန် လိုအပ်ပါသည်။

**အဘက်ဘက်မှ အသုံးဝင်သော မွေးမြူရေးလုပ်ငန်း**

ငုံးမွေးမြူရေးလုပ်ငန်းကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အာဟာရပြည့်ဝသော အသား၊ ဥများ ရရှိသည့်အပြင် ငုံးချေးများကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သောကြောင့် အဘက်ဘက်မှ အသုံးဝင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ငုံးကို ဒေသအလိုက် စနစ်တကျမွေးမြူ၍ ငုံးဥ/ငုံးသားများ ထုတ်လုပ်ခြင်းအားဖြင့် ဒေသနေပြည်သူလူထုအတွက် အာဟာရပြည့်ဝစေပြီး ဒေသစားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ မွေးမြူသူတောင်သူများအတွက်လည်း မိသားစုဝင်ငွေတိုးတက်စေကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ ခုနှစ် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဇူလိုင် ၁၅

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၂၂ခုနှစ် ပညာရည်ချွန်ဆုနှင့် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမှုအားကောင်းလာစေရေးအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းမိသားစုများအနေဖြင့်လည်း မိမိတို့မျိုးဆက်များ ပညာရည်ထူးချွန်ပြီး ဘက်စုံဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေးတို့အတွက် ပိုမိုမြှင့်တင်ပျိုးထောင်ပေးကြရန်လိုကြောင်း၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းသားသမီး စုစုပေါင်း ၁၀၁၉ ဦး အောင်မြင်ခဲ့ကြပြီး ဝိပ္ပံဘာသာတွဲဖြင့် တစ်နိုင်ငံလုံး၌ ဒုတိယဆုရရှိခဲ့သူ တစ်ဦး၊ သိပ္ပံဘာသာတွဲဖြင့် ဆဋ္ဌမဆုရရှိသူ တစ်ဦးအပါအဝင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၉ ဦး၊ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၂၃ ဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၃၂ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၅၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၆ ဦးကို ယနေ့ အခမ်းအနားတွင် ထူးချွန်ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ နှစ်ဘာသာနှင့်အောက် ထူးချွန်သူများကိုလည်း သက်ဆိုင်ရာ ဦးစီးဌာနများအလိုက် ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် ဝန်ကြီးဌာနတွင်တာဝန်ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်နှစ်ဦးက စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ (ဦးအုန်းဖေ)စာပေဆုများ ရရှိခဲ့ကြသကဲ့သို့ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်သင်တန်းများတွင် သင်တန်းထူးချွန်ဆု ရရှိသူ ကိုးဦးတို့က မိမိဝန်ကြီးဌာနအတွက် ဂုဏ်ဆောင်နိုင်ခဲ့ကြသဖြင့် ယနေ့အခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိပ္ပံဘာသာတွဲဖြင့် တစ်နိုင်ငံလုံး၌ ဒုတိယဆုရရှိခဲ့သူ မောင်ခန့်တေဇာ နှင့် သိပ္ပံဘာသာတွဲ ဆဋ္ဌမဆုရရှိသူ မထက်ရတီဝင်းတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ (ဦးအုန်းဖေ)စာပေဆုများရရှိခဲ့သူ နှစ်ဦးနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရခဲ့ကြသော ဝန်ထမ်း ကိုးဦးတို့ကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(အပေါ်ဝဲပုံ)**

ဆုချီးမြှင့်ပွဲတွင် စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ (ဦးအုန်းဖေ) စာပေဆုများရရှိခဲ့သူ စာရေးဆရာ မောင်အောင်(ဒေါက်တာအောင်ကြီး – ဒုတိယဝန်ကြီး) က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ –

## ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

◆ *ကျောဖုံးမှ*

မင်းဘူးမြို့ ချောင်းကောက်ကျေးရွာ အနောက်ဘက် လှည်းလမ်း၌ တရားမဝင် ရေနံ ဂါလန် ၅၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၃၂)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ ဇူလိုင် ၁၄ ရက်တွင် မင်းလှမြို့နယ် သပြေတောကျေးရွာအရှေ့ဘက် ဧရာဝတီမြစ်ဆိပ်၌ လိုင်စင်မဲ့စက်လှေ နှစ်စင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀ ကို ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၂၃၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော မီးဖိုချောင်သုံး ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၄၄၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့ စွမ်စော်ရပ်ကွက် နမ့်ခမ်းသွားလမ်း မြေနီကားကွင်းအတွင်း၌ ရပ်တန့်ထားသော တရုတ်နံပါတ်တပ်ကုန်ပစ္စည်းတင် မော်တော်ယာဉ် နှစ်စီးအား မူဆယ်ခရိုင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၄၆၈၀၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dongfeng အမျိုးအစား တရုတ်နံပါတ်တပ် ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးကျပ် ၄၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၄၆၈၀၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်တွင်း သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင် သစ်မျိုးစုံ ၀ ဒသမ ၉၂၉၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မအူပင်မြို့ မအူပင်–ဆားမလောက်ကားလမ်း တလုပ်လပ်အရှေ့ကျေးရွာ မြို့ဝင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က Honda Fit အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၆၄၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၁၃ ဒသမ ၂၉၇၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၅၀၃၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၂၃၆၁၄၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးကြောင့်ဖြစ်ပေါ်လာမည့် ထိခိုက်မှုများကို အဟန့်အတားဖြစ်စေသဖြင့် ဒီရေတောများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်



နေပြည်တော် ဇူလိုင် ၁၅

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၃၆) ရှိ (၁/၂၀၀၈) ဒီရေတောစိုက်ခင်း ဧက ၁၀၀၀ ထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။** (ယာပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၅၄) အတွင်း တည်ထောင်ထားသော (၂/၂၀၂၂) ဒီရေတောစိုက်ခင်း ဧက ၄၅၀ သို့ရောက်ရှိပြီး စိုက်ခင်းအတွင်း သမဲ့ကြီး၊ ဖြူးရွှေဝါ၊ ကျန၊ ကန့်ပလာ၊ လမု၊ ကနစို၊ မမသေစ်မျိုး ခုနစ်မျိုးဖြင့် စိုက်ပျိုးထားမှုနှင့် ကဒုံကနိကြိုးဝိုင်း အကွက် (၅၄) ရှိ သစ်မျိုး ငါးမျိုးဖြင့် စိုက်ပျိုးထားသော (၃/၂၀၂၁) ဒီရေတောစိုက်ခင်း ဧက ၄၀၀ ၏ ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကဒုံကနိကြိုးဝိုင်း အကွက်အမှတ် (၄၉) ရှိ ဖြိုးမွေးကျွန်းပျိုးဥယျာဉ်တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ သဘာဝဒီရေတောများနှင့် ဒီရေတောစိုက်ခင်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရာသီဥတု ဖောက်ပြန်မှုကို လျော့ကျစေခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်ပျက်စီးမှုများကို အဟန့်အတားဖြစ်စေခြင်း၊ ငါးပုစွန်တို့ ပေါက်ဖွားရာ နေရာများတိုးပွားလာစေခြင်း၊ ဒေသခံများ၏ လူနေမှုဘဝ တိုးတက်လာစေရန် အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများအနေဖြင့် မိမိဒေသရှိ ဒီရေတောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ ဒေသခံများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ငွေများပေးအပ်ကာ ဒေသခံများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြိုးမွေးကျွန်းပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု၊ အကွက်အမှတ်(၄၉)ရှိ သဘာဝဒီရေတောများ ထိန်းသိမ်းစောင့်ရှောက်ထားမှုနှင့် ဖြိုးမွေးကျွန်းပတ်ဝန်းကျင်ဒေသခံများ မိကျောင်းအန္တရာယ်ကင်းဝေးစေရေးအတွက် မိကျောင်းအန္တရာယ်ကင်းစင်ရေးခြံများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၂ မိုးရာသီအတွင်း ဒီရေတောစိုက်ခင်း ဧက ၂၈၀၀ တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင် လေးဦးတို့သည် ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီအစည်းအဝေး (SEAGF) Council Meeting သို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**




### ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တီမောလက်စတေ နိုင်ငံတို့မှ ကိုယ်စားလှယ်များကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် SAMDECH AKA MOHA SENA PADEI TECHO HUN SEN က ကြိုဆိုနှုတ်ဆက်သည့်အခမ်းအနားသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း/အားကစားရုံများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

### ညစာစားပွဲတက်ရောက်ခဲ့

ညနေပိုင်းတွင် Sokha ဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အားကစားနှင့် ဥပဒေရေးရာကော်မတီ အစည်းအဝေး(SEAGF Sports and Rule Committee Meeting)၊ အားကစားဆေးဘက်ဆိုင်ရာနှင့် တားမြစ်ဆေးဝါး ကော်မတီအစည်းအဝေး (SEAGF Medical and Anti–Doping Committee Meeting)၊ အမျိုးသမီးအားကစားကော်မတီအစည်းအဝေး (SEAGF Women in Sports Committee Meeting)၊ သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ရေးအစည်းအဝေး (SEAGF Media and Broadcasting Meetting) များသို့ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကျင်းပသည့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (SEAGF Executive Committee Meeting) သို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

### အားကစားနည်းများ သတ်မှတ်ခြင်း

ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ ကျင်းပပြုလုပ်သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်ကောင်စီ အစည်းအဝေး (SEAGF) Council Meeting သို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌက တက်ရောက် အမှာစကားပြောကြားရာ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများအား သတ်မှတ်ခြင်း၊ အားကစားပြိုင်ပွဲဆိုင်ရာ စည်းမျဉ်း/စည်းကမ်းများ ပြင်ဆင်ရေးဆွဲအတည်ပြုခြင်း၊ နောင် SEA Games ပြိုင်ပွဲများ ကျင်းပမည့် အိမ်ရှင်နိုင်ငံများ သတ်မှတ်အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်ပညာရေးတက္ကသိုလ်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**ရန်ကုန် ဇူလိုင် ၁၅**

(၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်ပညာရေး တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ အဆောင်မှူးများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန်ပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က အာဇာနည်နေ့နှင့်ပတ်သက်သည့် သိကောင်းစရာများ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အသက်ပေးရယူသွားခဲ့သော ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို အမြဲအမှတ်ရစေရန် ပြောကြားပြီး မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမူယာက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ကိုးဦး၏ သမိုင်းကြောင်းကို ကျောင်းသားကျောင်းသူများ သိရှိအတုယူစေရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်က (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲတွင် (ပထမဆု၊ ဒုတိယဆု၊ တတိယဆု) ရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဆုများ ချီးမြှင့်ခဲ့ကြောင်းနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီရိလင်္ကာသမ္မတ ရာထူးမှနုတ်ထွက်ပြီးနောက် ဝန်ကြီးချုပ်က ယာယီသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို

ကိုလံဘို ဇူလိုင် ၁၅

**သီရိလင်္ကာနိုင်ငံသမ္မတ ဂိုတာဘာရာ ရာဂျာပက်ခ်ဆာ ရာထူးမှ နုတ်ထွက်သွားပြီးနောက် ဝန်ကြီး ချုပ် ရာနီဝစ်ကရီမီ ဆင်ဂေးက ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ဇူလိုင် ၁၅ ရက်တွင် တရားသူကြီး ချုပ်ရှေ့၌ ကျမ်းသစ္စာကျိန်ဆိုကြောင်း ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်လိုက်သည်။**

ယနေ့နံနက်ပိုင်းတွင် သမ္မတ ရာဂျာပက်ခ်ဆာထံမှ နုတ်ထွက်စာ လက်ခံရရှိချိန်မှစ၍ ၎င်း၏ ရာထူး နှင့်တာဝန်များ တရားဝင် ပြီးဆုံးသွားပြီ ဖြစ်ကြောင်း သီရိလင်္ကာ လွှတ်တော် ဥက္ကဋ္ဌ မဟင်ဒါရာပါ အာဘေး ဝါဒီနာက ပြောကြားသည်။

လက်ရှိ အခြေအနေအရ သမ္မတအသစ် ခန့်အပ်နိုင်ရေး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်များ မပြီးမချင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဝန်ကြီးချုပ်က ယာယီ သမ္မတအဖြစ် သမ္မတရုံး၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကြီးကြပ်ကွပ်ကဲသွားမည် ဖြစ်ကြောင်း၊ ဇူလိုင် ၁၆ ရက်တွင် လွှတ်တော်အစည်းအဝေး ခေါ်ယူ ကျင်းပသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် အားလုံး အစည်းအဝေး တက်ရောက်ရန် တောင်းဆိုထားကြောင်းလွှတ်တော် ဥက္ကဋ္ဌက သတင်းစာရှင်းလင်းပွဲ တွင် ပြောကြားသည်။

သီရိလင်္ကာ နိုင်ငံသားများ အတွက် ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် သမ္မတအသစ် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဒီမိုကရေစီ လုပ်ငန်းစဉ်ကို ပါတီခေါင်းဆောင်များ၊ ပြည်နယ်အရာရှိများနှင့် လုံခြုံရေးတပ်ဖွဲ့များမှ အစွမ်းကုန် ပူးပေါင်း ဆောင်ရွက်ကြရန် အတွက်လည်း ၎င်းက တောင်းဆို လိုက်ပြီး ခုနစ်ရက်အတွင်း သမ္မတအသစ် ရွေးချယ်ရေး လုပ်ငန်းစဉ်ကို အပြီးသတ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထား ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ပြောကြားသည်။ သီရိလင်္ကာ နိုင်ငံသည် လအတော်ကြာ ပြင်းထန်သော စီးပွားရေး မတည်ငြိမ်မှုများ ကြုံတွေ့နေရပြီး အစားအစာ၊ သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီကဲ့သို့သော အခြေခံ အထောက်အပံ့များ ပြတ်လပ်မှုကို ရင်ဆိုင်နေရသည်။

ဆင်ဟွာ



ဝန်ကြီးချုပ် ရာနီဝစ်ကရီမီဆင်ဂေးက ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာ ကျိန်ဆိုနေသည်ကို တွေ့ရစဉ်။

# အီတလီဝန်ကြီးချုပ်၏ ရာထူးမှ နုတ်ထွက်လွှာကို သမ္မတ ပယ်ချ

ရောမ ဇူလိုင် ၁၅

အီတလီသမ္မတ ဆာဂျီယိုမက်တာရယ်လာသည် ဝန်ကြီးချုပ် မာရီယို ဒရက်ဂီနှင့် ဇူလိုင် ၁၄ ရက် နှောင်းပိုင်းတွင် တွေ့ဆုံခဲ့ပြီးနောက် ၎င်း၏ နုတ်ထွက်စာကို ပယ်ချခဲ့သည်။

ဝန်ကြီးချုပ်၏ညွန့်ပေါင်းအဖွဲ့ရှိဒုတိယအင်အားကြီးဆုံးအဖွဲ့ဖြစ်သည့် ကြယ်ငါးပွင့်လှုပ်ရှားမှု ဟုခေါ်သော the Five Star Movement-(M5S)သည် ဇူလိုင် ၁၄ ရက်အစောပိုင်းက အထက်လွှတ်တော်တွင် ကုန်စျေးနှုန်း မြင့်တက်လာခြင်းကို တိုက်ဖျက်ရန် အစိုးရ၏ သက်သာခွင့် ဥပဒေကြမ်းအပေါ် သပိတ်မှောက်ခဲ့သည်။

ကွီရီနာ့လီ နန်းတော်တွင် ဝန်ကြီးချုပ်နှင့် သမ္မတတို့တွေ့ဆုံပြီးနောက် ထုတ်ပြန်လိုက်သော တရားဝင် ထုတ်ပြန်ချက်တွင် သမ္မတက ဝန်ကြီးချုပ်၏ နုတ်ထွက်လွှာကို လက်မခံဘဲ ငြင်းဆိုလိုက်ကြောင်း ဖော်ပြထားသည်။




အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီ။

ဝန်ကြီးချုပ် မာရီယိုဒရက်ဂီသည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တွင် လာမည့် ဗုဒ္ဓဟူးနေ့တွင် မိန့်ခွန်းပြောမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြလိုက်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက ဖွဲ့စည်းခဲ့သော ဒရက်ဂီ၏ အမျိုးသား ညီညွတ်ရေးအစိုးရအဖွဲ့အတွင်း တင်းမာမှုများ မြင့်တက်လာပြီး သီတင်းပတ်ပေါင်းများစွာ ကြာပြီးနောက် ယခုလို ဝန်ကြီးချုပ် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးအဖွဲ့၏ရေတိုရေလတ် ဦးစားပေးကိစ္စရပ်များ မည်သို့မည်ပုံဖြစ်သင့်သည် ဆိုသည့်အပေါ် အာရုံစူးစိုက်ရင်း ဥရောပဗဟိုဘဏ် အကြီးအကဲဟောင်း ဒရက်ဂီသည် နောက်ဆုံးအချိန်ကာလများအထိ ကြီးမားသော နိုင်ငံရေးသဘောတူညီချက်များကို ကျေနပ်ခဲ့သည်။

သို့သော် ဇူလိုင် ၁၄ ရက်က M5S အဖွဲ့က အစိုးရ၏ သက်သာခွင့်ဥပဒေကြမ်းအပေါ် သပိတ်မှောက်ခဲ့သောကြောင့် ဒရက်ဂီသည် အစိုးရဝန်ကြီးများအဖွဲ့ကို စုဝေးစေခဲ့ပြီး ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အစိုးရကို ထောက်ခံလျက်ရှိသည့် အများစုသော နိုင်ငံရေးအင်အားစုများသည် နောက်ထပ် ဆက်လက်ရှိနေတော့မည် မဟုတ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဆင်ဟွာ

## ယူဂန္ဒာနိုင်ငံ၌ ငှက်ဖျားရောဂါ ဖြစ်ပွားမှု မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးပြော

ကမ်ပါလာ ဇူလိုင် ၁၅

ယူဂန္ဒာနိုင်ငံ၌ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းမှစ၍ ငှက်ဖျားရောဂါဖြစ်ပွားမှုမြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီး ဂျိန်းရပ်သ် အက်ဆန့်က ပြောကြားသည်။

ယခုနှစ်အစောပိုင်းမှစတင်၍ ပြင်ပလူနာဌာနများသို့ ရောက်ရှိလာသည့် လူနာ ၁၁ ဒသမ ၂၅ သန်းအနက် အကြမ်းဖျင်းအားဖြင့် ၃ ဒသမ ၁၅ သန်းတွင် ငှက်ဖျားရောဂါပိုးတွေ့ရှိကြောင်း ယူဂန္ဒာ ပါလီမန်၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။ ငှက်ဖျားရောဂါဖြစ်ပွားသူ ၇၇၅၀၀၀ နီးပါးသည် အသက် ငါးနှစ်အောက်ကလေးများ ဖြစ်ကြသည်။

ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းကို လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း သိသိသာသာလျှော့ချနိုင်ခဲ့ပြီး ငှက်ဖျားရောဂါဖြစ်ပွားနှုန်းကို ၂၀၀၉ ခုနှစ်တွင် ၄၂ ရာခိုင်နှုန်းမှ ၂၀၁၉ ခုနှစ်တွင် ၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ငှက်ဖျားရောဂါကြောင့် သေဆုံးမှုအချိုးမှာလည်း ၂၀၁၃ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းမှ ၂၀၁၉ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း အက်ဆန့်က ဆိုသည်။

သို့သော်လည်း ခြင်မှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်သည့် ငှက်ဖျားရောဂါဖြစ်ပွားမှု မကြာသေးမီ ကာလများအတွင်း ဆက်လက်တိုးလာခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ရပ်တန့်သွားစေသည့် ပြင်းထန်သော ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသေးကြောင်း ယူဂန္ဒာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

## အိန္ဒိယ၌ ပထမဆုံး monkeypox ရောဂါ တွေ့ရှိ

နယူးဒေလီ ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံအစိုးရအာဏာပိုင်များက ပထမဆုံး monkeypox ရောဂါကူးစက်ဖြစ်ပွားသူ တွေ့ရှိခဲ့ကြောင်း အတည်ပြုပြောကြားသည်။ အဆိုပါ ရောဂါကူးစက်ခံရသူမှာ ယူအေအီးနိုင်ငံသို့ ခရီးသွားရောက်သည့် အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်သည်။

monkeypox ရောဂါကူးစက်ဖြစ်ပွားသူကို ယခု သီတင်းပတ်အစောပိုင်းက တောင်ပိုင်း ကာရာလာပြည်နယ်သို့ပြန်လည်ရောက်ရှိသည့်အချိန်မှစကာ ဆေးရုံတစ်ခု၌ သီးသန့်ထားရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ မကြာသေးမီလများက နိုင်ငံ ၆၀ ခန့်တွင် monkeypox ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ၉၀၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဆင်ဟွာ

## ပြင်သစ်နိုင်ငံ အမျိုးသားနေ့ မီးရှူးမီးပန်းပစ်လွှတ်မှုတွင် နှစ်ဦးသေဆုံး

ပါရီ ဇူလိုင် ၁၅

ပြင်သစ်နိုင်ငံ အနောက်ပိုင်း ချောလက်မြို့၌ အမျိုးသားနေ့မီးရှူးမီးပန်းပစ်လွှတ်ရာတွင် မတော်တဆမှုတစ်ခု ဖြစ်ပွားခဲ့ပြီး ယင်းမတော်တဆမှုတွင် အသက် ၂၄ နှစ်အရွယ်အမျိုးသမီးတစ်ဦးနှင့် အသက် ခုနစ်နှစ်အရွယ် ယောက်ျားလေးတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဇူလိုင် ၁၅ ရက်က ဖော်ပြလိုက်သည်။

ပြင်သစ်သတင်းလိုင်း တစ်ခုဖြစ်သော BFMTV ၏ သတင်းဖော်ပြမှုအရ အဆိုပါ မတော်တဆမှုတွင် နောက်ထပ် လူခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုသည် ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၁၁ နာရီ ၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း BFMTV သတင်းတွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ



## ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ တစ်သိန်းကျော်ရှိ

တိုကျို ဇူလိုင် ၁၅

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ အလွန်တိုးလာကြောင်း ဂျပန်နိုင်ငံကျန်းမာရေး တာဝန်ရှိသူများက သတိပေးထားသည်။ နိုင်ငံအတွင်း ဖေဖော်ဝါရီလအစောပိုင်းမှစတင်ကာ ပထမဆုံးအကြိမ်အဖြစ် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းတစ်သိန်းကျော်ရှိသည်။ အဆိုပါ ပမာဏမှာ ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် နှစ်ဆကျော်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ဇူလိုင် ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၉ ရာခိုင်နှုန်းရှိ

**(၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၈၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈၄၄၇,၂၅၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃၇၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၅-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၈၅) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၁၀၁) ခု | (၉) ဦး |
| **စုစုပေါင်း** | (၄,၈၄၆) ခု | (၁၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၅-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၀၆၀၂၂၅ | ၈၆၃၇၁၉၄၁ | ၁၀၄၈၂၃၂ |
| ၂။ | အိန္ဒိယ | ၄၃၇၁၀၀၂၇ | ၄၃၀၄၅၃၅၀ | ၅၂၅၆၀၄ |
| ၃။ | ဘရာဇီး | ၃၃၁၄၂၁၅၈ | ၃၁၄၅၁၅၉၀ | ၆၇၄၈၄၆ |
| ၄။ | ပြင်သစ် | ၃၂၇၉၅၈၇၄ | ၃၀၃၆၃၂၄၅ | ၁၅၀၄၆၈ |
| ၅။ | ဂျာမနီ | ၂၉၅၆၉၉၄၃ | ၂၇၆၃၃၀၀၀ | ၁၄၂၃၉၉ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၂၅၃၃၅ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၁၉၈၈၇၅၄၃ | ၁၈၂၉၄၅၁၇ | ၁၆၉၆၀၁ |
| ၈။ | တောင်ကိုရီးယား | ၁၈၆၈၀၁၄၂ | ၁၈၃၀၄၇၅၂ | ၂၄၇၁၂ |
| ၉။ | ရုရှား | ၁၈၄၈၀၉၃၄ | ၁၇၉၀၃၄၄၇ | ၃၈၁၇၉၄ |
| ၁၀။ | တူရကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## ၁၅-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၅၉၁၄၅ | ၉၇၉၈၉၆၉ | ၄၃၀၉၀ |
| အင်ဒိုနီးရှား | ၆၁၂၇၀၈၄ | ၅၉၄၅၂၇၈ | ၁၅၆၈၃၃ |
| မလေးရှား | ၄၆၀၈၇၆၈ | ၄၅၃၄၀၁၉ | ၃၅၈၃၆ |
| ထိုင်း | ၄၅၅၄၉၇၆ | ၄၄၉၉၉၇၅ | ၃၀၉၆၁ |
| ဖိလစ်ပိုင် | ၃၇၂၅၃၈၂ | ၃၆၄၈၄၉၇ | ၆၀၆၄၁ |
| စင်ကာပူ | ၁၅၆၉၄၂၀ | ၁၄၅၃၃၇၃ | ၁၄၄၄ |
| မြန်မာ | ၆၁၃၇၉၈ | ၅၉၂၇၁၂ | ၁၉၄၃၄ |
| လာအို | ၂၁၀၄၆၂ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၈၁၂၅၆ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၄၂၁ | ၁၃၃၂၇၅ | ၃၀၅၆ |

## ဟိုပန်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ဟိုပန် ဇူလိုင် ၁၅

ရှမ်းပြည်နယ်မြောက်ပိုင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် အသက် ၁၈ နှစ်အထက် ပြည်သူများအား ယနေ့နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ ပန်ကောက်ကျေးရွာနှင့် မုန်းကွန်ကျေးရွာ စုရပ်နေရာများ၌ သက်ဆိုင်ရာဆေးထိုး အဖွဲ့များက ဆက်လက်ထိုးနှံပေးသည်။

ထိုသို့ထိုးနှံရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်၏ စီစဉ်ကြီးကြပ်မှုဖြင့် ကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ယနေ့အထိ ၃၇၄၀ အားထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသူများအား သက်ဆိုင်ရာစုရပ်အလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

# မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းဇနီးမောင်နှံ
# ( ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe နှင့် Madame Akie Abe )

**သံအမတ်ကြီး ဦးလှမြင့်(ငြိမ်း)**

၂၀၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်း၌ သတင်းစတင်ကြားခဲ့ရပါသည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe သေနတ်နှင့် အပစ်ခံရခြင်းပါ။ ဂျပန်နိုင်ငံ နာရာမြို့၌ သူ၏ LDP ပါတီအထက်လွှတ်တော်အမတ်လောင်းအတွက် ကူညီမဲဆွယ်ပေးနေစဉ် လက်လုပ်သေနတ်နှင့် အပစ်ခံရသည်ဟု သတင်းစတင်ကြားကြားချင်း လက်နက်ကိုင်ဆောင်ခွင့်စည်းကမ်း အလွန်တင်းကျပ်လှပြီး ဤကဲ့သို့ဖြစ်စဉ်မျိုး ဖြစ်လေ့ဖြစ်ထမရှိသော ဂျပန်နိုင်ငံ၌ ဖြစ်ခဲ့သဖြင့် အထူးတုန်လှုပ်ချောက်ချားကြေကွဲဝမ်းနည်းခဲ့ရပါသည်။ အသက်ရှင်သန်ပါစေဟု ဆုတောင်းခဲ့ပါသော်လည်း မပြည့်ခဲ့ပါ။ ထိုနေ့ညနေပိုင်း၌မူ ကွယ်လွန်သွားခဲ့ရှာပါသည်။ ကျွန်တော်တို့အနေဖြင့် သူကွယ်လွန်မှုအပေါ် နှမြောတသ ဝမ်းနည်းကြေကွဲရပါလျှင် သူတို့နိုင်ငံသူနိုင်ငံသားများအတွက်ကတော့ ပြောဆိုဖွယ်ရာမကုန်နိုင်တော့ပါ။

သူသည် ကျွန်တော်တို့မြန်မာနိုင်ငံ၏မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းပါ။ သူတစ်ဦးတည်းဆိုလားတော့မဟုတ်ပါ။ သူ့ဇနီး Madame Akie Abe သည်လည်း ကျွန်တော်တို့မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနှင့် မိတ်ဆွေကောင်းပါ။

x x x x x

၂၀၀၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ (လွန်ခဲ့သော ၁၇ နှစ်)၌ ကျွန်တော်သည် ဘရာဇီးနိုင်ငံမှ ဂျပန်နိုင်ငံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုစဉ်က ဂျပန်နိုင်ငံဝန်ကြီးချုပ်မှာ မစ္စတာကိုအိဇုမိပါ။ သူက အမေရိကန်ရုပ်ရှင်မင်းသား ရစ်ချက်ဂီရီဆံပင်ပုံစံနှင့် ဟန်ပန်ဆင်သည်။ သို့သော် သူ့မျက်နှာက မရယ်မပြုံးနှင့် အနေတည်သည်။ အပြုံးနိုင်ငံမှလာသော ကျွန်တော်တို့အတွက်က စိမ်းလွန်းလှသည်ဟု ခံစားမိပါသည်။

သူနှင့် ထိုစဉ်က အမေရိကန်သမ္မတ ဘုရှ်တို့ အလွမ်းသင့်ပုံရပါသည်။ ညှိခံပွဲမှာ အတူတွဲပြီး ဒန့်စ် (က) ကြသည်အထိ ခင်မင်ရင်းနှီးကြသည့် ဆက်ဆံရေးမျိုးရှိကြပါသည်။

သူ့လက်ထက်တွင် ကုလသမဂ္ဂ၌ ကျွန်တော်တို့နိုင်ငံအား Resolution တင်ရာ၌ မူလက ကြားနေခဲ့သော ဂျပန်သည် ဒီတစ်ခါတော့ ဆန့်ကျင်ဘက်ဖြစ်လာခဲ့သည်။

ထိုအခါ ဘယ်လိုလုပ် ကျွန်တော်တို့ နှစ်နိုင်ငံအကြားဆက်ဆံရေးက အဆင်ပြေနိုင်ပါ့မလဲ။

ဒီတော့ ဂျပန်ရောက် ကျွန်တော်တို့သံတမန်များအဖို့ မလွယ်ပါလေ။

x x x x x

### မြန်မာနှင့်ဂျပန်နိုင်ငံကြား ဆက်ဆံရေးသမိုင်းကြောင်း

ကျွန်တော်တို့နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံရေးသမိုင်းကြောင်းက ရှည်လျားလွန်းလှပါသည်။ လက်လှမ်းမီသလောက်ပြောရပါလျှင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်ဝင်တို့ ဟိုင်နန်ကျွန်း – စန်းယနဲ့ ဂျပန်ဘုရင့်တပ်မတော်က စစ်ပညာသင်ကြားပေးမှုနှင့် အစတည်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်ကို ပူးပေါင်းတိုက်ခိုက်ရန် ဘန်ကောက်၌ ဘီအိုင်အေတပ်မတော်ကို စတင်တည်ထောင်ခဲ့သည်။ ဂျပန်နှင့်အတူ အင်္ဂလိပ်ကို အင်ဖာအထိ တိုက်ထုတ်နိုင်ခဲ့သည်။ အမည်ခံလွတ်လပ်ရေးဖြင့် ဂျပန်တို့ သုံးနှစ်တာ အုပ်ချုပ်ခဲ့ရပါသည်။ ဂျပန်ခန့် အဓိပတိ ဒေါက်တာဘမော်ဖြစ်တည်လာခဲ့သည်။

ထိုခေတ်၌ ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်များသို့ မြန်မာနိုင်ငံမှ လူငယ်များတက်ရောက်ပြီး စစ်ပညာများသင်ကြားပေးခဲ့ပါ




သည်။ ကာကွယ်ရေးဦးစီးချုပ် (လေ)ဟောင်း ဗိုလ်ချုပ်သောင်းဒန်သည် ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းတစ်ဦးပါ။ ထို့အတူ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် စက်မှုဝန်ကြီးဟောင်း ဗိုလ်ချုပ်တင့်ဆွေသည်လည်း ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းတစ်ဦးပါ။ ကျွန်တော်သိသည့် ဂျပန်ဘုရင့်တပ်မတော် စစ်တက္ကသိုလ်ဆင်းနှစ်ဦးပါ။ ကျန်ပုဂ္ဂိုလ်ကြီးများလည်း ရှိနေကြပါသေးသည်။

ဂျပန်စစ်ပညာနှင့် လေ့ကျင့်ပေးခဲ့မှု ကျွန်တော်တို့ တပ်မတော်၌ မည်မျှကျန်ရှိနေသေးသည်ကို မသိပါသော်လည်း သူတို့ ဂျပန်များအမွေပေးခဲ့သည့် ဟန်းကောခေါ် ထမင်းချိုင့်ကတော့ အသုံးတည့်လွန်းလှပါသည်။ ဂျပန်လို ထမင်းချိုင့်ကို ဟန်းကောဟု ခေါ်ပါသည်။ ကျွန်တော်တို့တပ်ထဲရောက်သည့်အချိန်ထိ ဟန်းကောဟုခေါ်နေဆဲ၊ သုံးနေဆဲပါ။ ထိုဟန်းကောများသည်လည်း ဂျပန်နိုင်ငံ ဒိုင်းမရှုးမှ မှာယူတင်သွင်းခဲ့သော Made In Japan စစ်စစ်ကြီးတွေပါ။ ထိုဟန်းကောနှင့် ရှေ့တန်း၌ ထမင်း၊ ဟင်းချက်ရသည်။ ချောင်း၌ရေခပ်ချိုးနိုင်သည်။ ထိုကဲ့သို့ ကိစ္စများသာမက ရှေ့တန်းရိက္ခာထုတ်ဝေရာ၌ ခြင်တွယ်ရာတွင်အသုံးတည့်လှသည်။ ဟန်းကောအပေါ်မှ လက်နှစ်ဆစ်ကွာလျှင် ဆန်တစ်ပြည်၊ လက်သုံးဆစ်ကွာလျှင် ဆီတစ်ပိဿာဟု စီကြူကြီးများနှင့် စတိုးမင်းများအကြား သဘောတူညီကြသည်။ ဂျင်းတဲလ်မင်း အဂ်ရီမန့်ပါ။

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့အား အမေရိကန်တို့ အဏုမြူဗုံးနှစ်လုံး ကမ္ဘာပေါ်၌ ပထမဆုံး ကြဲချခဲ့ပြီးနောက် ဂျပန်တို့ လက်နက်ချအညံ့ခံခဲ့ကြရပါသည်။ ထို့အတူ မြန်မာပြည်ရောက် ဂျပန်စစ်သားများသည်လည်း သုံ့ပန်းအဖြစ် အဖမ်းခံရ၊ အညံ့ခံခဲ့ကြရပါသည်။ အချို့က လွတ်ရာလွတ်ကြောင်း တတ်နိုင်သမျှ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ထိုအခါ စိတ်ထားနှလုံးသားဖြူစင်ကြသော ကျွန်တော်တို့ မြန်မာနိုင်ငံသားများသည် ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်ခံခဲ့ရပါသော်လည်း ထိုသို့သော ဂျပန်စစ်သားများကို မိမိတို့ကိုယ်တိုင် ချို့တဲ့ချို့ငဲ့သည့်ကြားမှ အစားအစာ ခိုးကျွေးသည်။ ရရာဆေးဝါးနှင့် ကုသပေးသည်။ အသက်အန္တရာယ်ကြားမှ တတ်နိုင်သရွေ့ အဖမ်းမခံရအောင် ပုန်းဝှက်ပေးပါသည်။ ကျွန်တော်တို့လူမျိုးများသည် စိတ်ထားဖြူစင်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ ခွင့်လွှတ်လွယ်ခြင်း အရည်အချင်းများနှင့် ပြည့်စုံကြသည့်လူမျိုးများပါလား။

### ဒေါက်တာဘမော် အထိမ်းအမှတ်ပြတိုက်

ဂျပန်များကလည်း ကျွန်တော်တို့မြန်မာနိုင်ငံ၏ အဓိပတိဟောင်းကြီး ဒေါက်တာဘမော်အား ဂျပန်နိုင်ငံသို့ခေါ်ဆောင်သွားပါသည်။ နီဂတပြည်နယ် Yakusho Temple ၌ ဝှက်ထားပေးပါသည်။ စောင့်ရှောက်ပေးထားပါသည်။ နောက်မှ မဟာမိတ်တို့ထံ အညံ့ခံလိုက်ရပါသည်။ ထိုဘုရားကျောင်း၌ ဒေါက်တာဘမော် အထိမ်းအမှတ်ပြတိုက် ပြုလုပ်ထားရှိပါသည်။

စစ်ကြီးပြီးသောအခါ ဂျပန်နိုင်ငံသည် အဏုမြူဗုံးဒဏ်ကြောင့်လည်းကောင်း၊ တစ်နိုင်ငံလုံး အနှံ့အပြား ဗုံးဒဏ်၊ မီးကြီးလောင်ကျွမ်းဒဏ်တို့ကြောင့်လည်းကောင်း တစ်နိုင်ငံလုံး စိစိညက်ညက်ကျေပြီး ပျက်စီးဆုံးရှုံးခဲ့ရသည်။ အထူးသဖြင့် စက်မှုလုပ်ငန်းဒေသအများစုမှာ အကြီးအကျယ် အထိနာခဲ့ရပါသည်။ ထို့အပြင် ကမ္ဘာစစ်ပွဲကြီးကို ပါဝင်ဆင်နွှဲရမှုသုံးစွဲကုန်ကျစရိတ်ကြောင့်လည်း လတ်တလောသူတို့ ဆင်းရဲသွားခဲ့ရပါသည်။ အိုးရှင်းဇာတ်ကားထဲကလို ထမင်းလုံးအိုနီဂီရီကို နှစ်ခြမ်းခွဲ၍ လူနှစ်ယောက်စားရသည့်ဘဝ ရောက်ခဲ့ရသည်။ ထိုစဉ် ကျွန်တော်တို့နိုင်ငံမှ ဆန်တန်ချိန် နှစ်သိန်းလား၊ မည်မျှတော့ အတိအကျမသိသော်လည်း ဂျပန်နိုင်ငံသို့ လှူဖူးသည်ဟု တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားဖူးထားပါသည်။ (မှတ်တမ်းမှတ်ရာများကို ရှာဖွေပြုစုထားသင့်ပါကြောင်း အကြံပြုအပ်ပါသည်။)

ထို့အပြင် စစ်ရှုံးနိုင်ငံတို့၏ ထုံးစံအတိုင်း မြန်မာနိုင်ငံကိုလည်း စစ်လျော်ကြေးပေးရပါသည်။ ကျွန်တော်တို့၏ စစ်လျော်ကြေးကော်မရှင်ဥက္ကဋ္ဌက ဂျပန်တို့ကို စာနာနားလည်မှုနှင့် လျှော့လျှော့ပေါ့ပေါ့ပင် သူတို့ပေးနိုင်သမျှကို ယူခဲ့သဖြင့် အပြင်းအထန်ဝေဖန်ခံခဲ့ရကြောင်း ကြားဖူးပါသည်။

### ဂျပန်ထုတ်အသုံးအဆောင်ပစ္စည်းများ

ထိုစစ်လျော်ကြေးငွေနှင့် တည်ဆောက်ခဲ့သော လောပိတရေအားလျှပ်စစ်က ယနေ့ထက်တိုင် သုံးစွဲနေရဆဲပါ။ ဟီးနိုး၊ မာဇဒါ၊ တီအီးကားတို့ တပ်ဆင်ထုတ်လုပ်လာနိုင်ခဲ့သည်။ နေရှင်နယ်ထမင်းပေါင်းအိုး၊ မီးဖိုအိုး၊ နေရှင်နယ်မတ်ဆုရှီတာ မီးချောင်းများ၊ ခ‌ောတ်ခဲများ၊ မီးခလုတ်ထုတ်လုပ်မှုတို့လည်းပါသည်။ ထိုခေတ်ထိုအခါက ကျွန်တော်တို့အားထားသုံးစွဲခဲ့ရသည့် အသုံးအဆောင်ပစ္စည်းများဖြစ်ပါသည်။

တစ်ခါက မတ်ဆုရှီတာဥက္ကဋ္ဌကြီးက မြန်မာနိုင်ငံကို လာလည်ပါသည်။ သူတည်းခိုသည့် ဟိုတယ်တွင်ရှိသော သူတို့၏နေရှင်နယ်မီးခလုတ်က နှစ်ပေါင်း ၂၀ ကျော်ပေမယ့် တစ် – တောက်နှင့် အသုံးပြုနိုင်ဆဲဆိုတော့ တော်တော်ပဲ အင်ပရက်စ်ဖြစ်သွားပုံရပါသည်။ စာအုပ်စာရွက်များ တစ်ပုံတစ်ပင်ကြီးနှင့် လက်ဝင်လှသော်လည်း ကျွန်တော် ဂျပန်ရောက်ချိန်အထိ သူတို့၏ နေရှင်နယ်မီးခလုတ်ကို နှစ်ခြိုက်စွာ အသုံးပြုခဲ့သော ကျွန်တော်တို့နိုင်ငံကို တင်သွင်းနေဆဲပါ။

### ကွယ်လွန်သူ ဂျပန်စစ်သည်များ၏ အရိုးကောက်ယူရေးလုပ်ငန်း

ဂျပန်နိုင်ငံသည် စစ်ကြီးပြီးဆုံးသွားသော်လည်း စစ်နှင့်ပတ်သက်သော ဒုက္ခဝေဒနာများက သက်ဆိုင်သူများအကြား ရှိနေဆဲပါ။ စစ်ကြီးအတွင်း အာရှတစ်ခွင်၌ သူတို့ဂျပန်စစ်သားများ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ရာ နေရာဒေသအနှံ့အပြား၌ နည်းမျိုးစုံဖြင့် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြရပါသည်။ သူတို့ဓလေ့ထုံးတမ်းစဉ်လာ၌ ကွယ်လွန်သူများ၏ အရိုးပြာအုတ်ဂူများ၌ တစ်နှစ်တစ်ကြိမ် သွားရောက်ဆုတောင်းပေးမှသာ ကောင်းမွန်သောဘုံဘဝသို့ ရောက်ကြသည်ဟု ယုံကြည်ထားပါသည်။ ထို့ကြောင့် အာရှတစ်ခွင် ဒေသအနှံ့အပြား၌ မြှုပ်နှံထားသော ဂျပန်စစ်သည်များ၏ မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းအတွက် အရိုးများကို ကောက်ယူပြီး ဂျပန်နိုင်ငံသို့ ယူဆောင်လာကာ မြှုပ်နှံသင်္ဂြိုဟ်၍ ဆုတောင်းပွဲများ ပြုလုပ်ရေးသည် အရေးကြီးဆုံးကိစ္စရပ်ဖြစ်လာသည်။

သက်ဆိုင်ရာနိုင်ငံ အစိုးရများနှင့် ညှိနှိုင်းဆက်သွယ်ပြီး ကွယ်လွန်သူ ဂျပန်စစ်သည်များ၏ အရိုးကောက်ယူရေးလုပ်ငန်းကို သက်ရှိထင်ရှား ဂျပန်စစ်ပြန်ကြီးများနှင့်ပတ်သက်သော ပုဂ္ဂိုလ်ကြီးများ ဦးဆောင် ဆောင်ရွက်ခဲ့ကြရပါသည်။

ထိုသို့သော မြန်မာနိုင်ငံမှ ကွယ်လွန်ဂျပန်စစ်သည်များ၏ အရိုးကောက်လုပ်ငန်းကို ဆောင်ရွက်ခဲ့ဖူးသော စစ်ပြန်ကြီးတစ်ဦးဖြစ်သည့် မစ္စတာအီမအီဇုမိ (အီမအီဇုမိ အထိမ်းအမှတ် ပညာရည်ချွန်ဆုအဖွဲ့၊ ဥက္ကဋ္ဌ)က သူ၏အတွေ့အကြုံကို ပြန်ပြောရှာပါသည်။

“ကျွန်တော်တို့ မြန်မာပြည်က မြို့ငယ်လေးရဲ့ ဘုတာရုံနားမှာ အရိုးကောက်ဖို့ တဲထိုးပြီး နေခဲ့ကြရတယ်။ ကျွန်တော်တို့မှာ မဝံ့မရဲနဲ့ပါ။ မကြာခင် မြို့ထဲကလူတွေ ကျွန်တော်တို့ကို တွေ့သွားပြီး ဂျပန်အရိုးကောက်အဖွဲ့ဆိုတာ သိသွားကြပါတယ်။ လိုက်လိုက်လှဲလှဲ အားတက်သရော လိုလိုချင်ချင် ကျွန်တော်တို့လုပ်ငန်းကို အကူအညီပေးကြတယ်။ အချို့စားစရာ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တွေတောင် လက်ဆောင်ပေးကြပါတယ်။ ကျွန်တော်တို့ အလွန်ပဲအံ့ဩဝမ်းသာမိရပါတယ်။ အခြားနိုင်ငံကို သွားကြတဲ့ အရိုးကောက်အဖွဲ့တွေကို ဒေသခံတွေက မလိုလားကြဘူး၊ မကြည်ဖြူကြဘူး၊ ရန်လိုကြတဲ့အထိ ဖြစ်ရပါတယ်။ ဒီမြန်မာမှာလည်း ကျွန်တော်တို့က အဲဒီလိုများ ဖြစ်မလားလို့ဆိုပြီး အစက စိုးရိမ်နေမိကြပါတယ်။ ဒီလိုစိတ်ထားဖြူစင်ပြီး ကူညီလိုစိတ်အပြည့်ရှိတဲ့ သည်းခံစိတ်၊ သနားကြင်နာစာနာတတ်တဲ့ မြန်မာတွေရဲ့စိတ်ဓာတ်တွေကို ကျွန်တော်တို့အံ့ဩလေးစားမိခဲ့ရပါတယ်။”

သို့သော် ယခုအချိန်မှာ ကျွန်တော်တို့ကို စစ်ပညာသင်ကြားပေးခဲ့သောဂျပန်များ၊ ကျွန်တော်တို့ မြန်မာနိုင်ငံသားများက စစ်ရှုံး၍ စစ်သုံ့ပန်းဖြစ်လုနီးနီးမှာ ကူညီစောင့်ရှောက်ပေးခဲ့သည့် ဂျပန်များ၊ စစ်ကြီးပြီး၍ သူတို့ဒုက္ခရောက်ချိန်မှာ ကျွန်တော်တို့ ဆန်ပေးပို့ကူညီခဲ့သည်ကို သိသည့် ဂျပန်များ၊ စစ်လျော်ကြေးကို လျှော့လျှော့ပေါ့ပေါ့ရယူခဲ့မှုကိုသိသော ဂျပန်များ၊ မြန်မာနိုင်ငံတစ်လွှားမှာ ကွယ်လွန်သေဆုံးခဲ့ကြရသည့် ဂျပန်စစ်သည်များ၏ အရိုးများကို ကြည်ကြည်ဖြူဖြူ ကူညီကောက်ယူခွင့်ပေးခဲ့သည်ကိုသိခဲ့သော ဂျပန်များ ယခုအချိန်အခါ၌ လက်ချိုးရေ၍ရလောက်အောင်ပင် ကျန်တော့သည်ဟု ထင်မိပါသည်။

ဒါက ကျွန်တော်တို့နိုင်ငံနှင့် သူတို့နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေးသမိုင်းကြောင်း ပုံရိပ်ခပ်ကြမ်းကြမ်းကြီးပါ။ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

> ❍ **Mr.Shinzo Abe ၏အဘိုးသည် စစ်ကြိုခေတ်၌ ဝန်ကြီးချုပ် နိုဘူဆူကီကီရှိ ဖြစ်ပါသည်။ အဖေဖြစ်သူမှာ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရာရိုအာဘေး ဖြစ်ပါသည်။ သူ့အဖေနိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံခရီးစဉ်၌ Mr.Shinzo Abe သည် ကိုယ်ရေးအရာရှိအဖြစ် လိုက်ပါဖူးသည်ဟု ဆိုပါသည်။ ထိုစဉ်က လမ်းစဉ်ပါတီခေတ် ဝန်ကြီးအချို့မှာ ဂျပန်စာတတ်သလို ဂျပန်စကားပြောလည်း ကျွမ်းကြပါသည်။ ဧည့်ခံပွဲ၌ ဂျပန်လိုစကားများ ဖောင်ဖွဲ့အောင်ပြောကြသည့်အပြင် ဂျပန်သီချင်းများကို အကျအနဆိုပြလိုက်သောအခါ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရာရိုအာဘေးသည် ကျွန်တော်တို့ မြန်မာများအပေါ် အလွန်ပင်အသည်းခိုက်သွားပုံရပါသည်။ ထိုစဉ်က သူ့အဖေအနား၌ ရှိနေသော Mr.Shinzo Abe အားလည်း မြန်မာတို့၏ စိတ်ရင်းများက ကူးသွားစေခဲ့သည်မှာကေန်မလွဲပါ**

### နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ခိုင်မြဲရေး

ကျွန်တော် ဂျပန်ကိုရောက်ခဲ့သည့် ၂၀၀၅ ခုနှစ်၌ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြားသမိုင်းကြောင်းကိုသိသော နိုင်ငံရေးလောကနှင့် စီးပွားရေးလောကမှ ပုဂ္ဂိုလ်ကြီးအချို့ကျန်နေသေးသည်ကို တွေ့ရပါသည်။ ထိုသို့သော မြန်မာနိုင်ငံအား အထူးသံယောဇဉ်ရှိနေဆဲ အသက်(၈၀)ကျော် ပုဂ္ဂိုလ်ကြီးများ၏ အကူအညီဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ခိုင်မြဲရေးအတွက် သံတမန်တစ်ဦးအနေဖြင့် အစွမ်းကုန်ကြိုးပမ်းခဲ့ရပါသည်။

ကျွန်တော်သည် ၁၇-၅-၂၀၀၆ ရက်နေ့ နေ့လယ်ပိုင်း၌ ဂျပန်နိုင်ငံ အာဏာရပါတီမှ ဝန်ကြီးအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr.Shinzo Abe အား တိုကျိုမြို့ Hotel Okura တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံနိုင်ခဲ့ပါသည်။ Mr.Shinzo Abe သည် စက်တင်ဘာလတွင် ကိုအိဇုမိ နုတ်ထွက်ပြီးနောက် LDP ဥက္ကဋ္ဌ ရွေးချယ်ယှဉ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်သူဖြစ်ပြီး လူထုစစ်တမ်းများအရ ပြိုင်ဘက်များအနက် ထိပ်ဆုံးမှ "တစ်" ပြေးနေသူတစ်ဦးဖြစ်ပါသည်။ Mr.Shinzo Abe နှင့်အတူ ၎င်း၏ညီဖြစ်သူ အောက်လွှတ်တော်အမတ် Kishi Nobuo၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Shiozaki Yasuhisa နှင့် အောက်လွှတ်တော်အမတ် Nishimura Yasutoshi စုစုပေါင်းလေးဦး တက်ရောက်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်စေရန်နှင့် ပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါသည်။

ဒီမတိုင်မီက သူ၏ဇနီးဖြစ်သူ Madame Akie Abe မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ရန် ဗီဇာလျှောက်ထားခဲ့ပါသည်။ သို့သော် ထိုဧည့်ခံပွဲ၌ သူ့ဇနီး မြန်မာနိုင်ငံသို့သွားမည့်အကြောင်း တစ်စွန်းတစ်စမျှ မပြောရှာခဲ့ပါ။ Chief Cabinet Secretary ဆိုသည်မှာ ဂျပန်အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်ပြီးလျှင် အာဏာအရှိဆုံးပါ။ သူသည် နုပျိုလန်းဆန်းတက်ကြွဖော်ရွေမှုအပြည့်ပါရှိသည့် အပြုံးမျက်နှာထားပိုင်ရှင်ပါ။ အပြုံးရှိသူချင်း စကားများပြောကြားရသည်က ကြည်နူးဝမ်းသာဖြစ်ခဲ့ရသည်မှာ အမှန်ပါ။

### Mr.Shinzo Abe ၏အဘိုးနှင့်အဖေ

Mr.Shinzo Abe ၏အဘိုးသည် စစ်ကြိုခေတ်၌ ဝန်ကြီးချုပ် နိုဘူဆူကီကီရှိ ဖြစ်ပါသည်။ အဖေဖြစ်သူမှာ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရာရိုအာဘေး ဖြစ်ပါသည်။ သူ့အဖေနိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံခရီးစဉ်၌ Mr.Shinzo Abe သည် ကိုယ်ရေးအရာရှိအဖြစ် လိုက်ပါဖူးသည်ဟု ဆိုပါသည်။ ထိုစဉ်က လမ်းစဉ်ပါတီခေတ် ဝန်ကြီးအချို့မှာ ဂျပန်စာတတ်သလို ဂျပန်စကားပြောလည်း ကျွမ်းကြပါသည်။ ဧည့်ခံပွဲ၌ ဂျပန်လို စကားများ ဖောင်ဖွဲ့အောင် ပြောကြသည့်အပြင် ဂျပန်သီချင်းများကို အကျအနဆိုပြလိုက်သောအခါ နိုင်ငံခြားရေးဝန်ကြီး ရှင်တာရာရိုအာဘေးသည် ကျွန်တော်တို့ မြန်မာများအပေါ် အလွန်ပင်အသည်းခိုက်သွားပုံရပါသည်။ ထိုစဉ်က သူ့အဖေအနား၌ ရှိနေသော Mr.Shinzo Abe အားလည်း မြန်မာတို့၏ စိတ်ရင်းများက ကူးသွားစေခဲ့သည်မှာကေန်မလွဲပါ။

သူတို့ GMI NGO တည်ထောင်ရန် စိတ်ကူးကြစဉ်က Mr.Shinzo Abe က သူ့ဇနီး Madame Akie Abe အား မြန်မာနိုင်ငံကို အရင်သွားကြည့်ပါလားဟု အကြံပြုဖူးခဲ့သည်ကို ကြားသိရခြင်းက သက်သေခံပါသည်။

x x x x x

### Madame Akie Abe ၏ ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်

Madame Akie Abe ၏ ပထမဆုံးမြန်မာနိုင်ငံခရီးစဉ်က ပုဂ္ဂိုလ်ရေးဆန်ပါသည်။ ရန်ကုန်ရှိ သူတို့ဂျပန်သံရုံးကိုပင် အသိမပေးပါ။ ဒီတော့လည်း ကျွန်တော့်အနေဖြင့် ပိုမိုလွတ်လပ်မှုရှိစေရန် MOFA သို့လည်း အကြောင်းမကြားခဲ့တော့ပါ။ ခရီးစဉ်ချောချောမောမောဖြစ်ရန်သာ ဆုတောင်းရပါသည်။

ပြန်လာမှပင် အတူလိုက်ပါသွားသော GMI မှ ကိုစိန်ဇော်သန်း၏ ခရီးစဉ်အကြောင်း ပြောပြမှပင် ရင်အေးရပါသည်။

"အစ်မကြီးက လွတ်လွတ်လပ်လပ်သွားချင်တာပါ၊ Formal ဆိုရင် ကြိုတင်မွမ်းမံပြင်ဆင်ထားကြမှာ။ အမှန်ကို မသိနိုင်ဘူးလေ။ အခုတော့ သူသွားချင်တဲ့နေရာ သူသွားတယ်၊ သူစားချင်တဲ့နေရာမှာ စားတယ်၊ သူကြည့်ချင်တာကို သွားကြည့်တယ်၊ သူတည်းခိုချင်တဲ့နေရာကို သွားတည်းတယ်၊ ဂျင်းဘောင်းဘီဝတ်ပြီး ကမ္ဘာလှည့်ခရီးသည်တစ်ဦးလို လွတ်လွတ်လပ်လပ်ကြီးကို သွားဖြစ်တာ၊ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ရှုခင်းနဲ့စိတ်ရင်းကို ပကတိအတွင်းတွေ့မြင်ခွင့်၊ သိရှိခွင့်၊ နားလည်ခွင့်ရအောင် လုပ်ပေးခဲ့တာပါ။"

မှန်ပါသည်။ ကျွန်တော်တို့က လမ်းကြောင်းအတိုင်း ပို့ပေးပြီး ပကတိအတိုင်း ပြသသော်လည်း သူတို့က ယုံချင်မှယုံမှာကိုး။ ကျွန်တော်တို့ကလည်း သတင်းကြားသည်နှင့် မလိုလေးလိုလေး ကြိုတင်ပြင်ဆင်မှု အလွန်လုပ်တတ်သည့်လူမျိုးကိုး။ ဒီတော့ စိတ်ကြိုက်လွတ်လွတ်လပ်လပ် ထိတွေ့ခံစားသိမြင်စေပြီးမှ သူတို့၏ ထင်မြင်သုံးသပ်ချက်ပေးမှုက ပိုပြီးလက်တွေ့ကျပါသည်။ သမာသမတ်ကျပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်အမျိုးသားရေးသွင်ပြင် စရိုက်လက္ခဏာဖြစ်သော ဖော်ရွေမှု၊ စေတနာရှိမှု၊ စိတ်ကောင်းရှိမှု၊ ယဉ်ကျေးသိမ်မွေ့ ပွင့်လင်းရိုးသားမှု၊ စိတ်ရှည်သည်းခံမှု၊ ကူညီရန် စိတ်ဆန္ဒပြင်းပြမှုတို့ကို Madame Akie Abe သည် အလွန်တရာပင် သဘောကျအလေးထားခဲ့ပုံရပါသည်။ ထိုမြန်မာနိုင်ငံခရီးစဉ်မှ စတင်အကြောင်းပြု၍ Madame Akie Abe သည် အခေါက်ပေါင်းများစွာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပါသည်။ ၎င်း၏ GMI NGO အဖွဲ့အစည်းသည် မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။၎င်းအပြင်သူမဟာဘွဲ့တက်ရောက်ရာ၌ ဘွဲ့အတွက် Thesis တင်ရာ၌ မြန်မာ့ဘုန်းတော်ကြီးသင်ပညာရေးစနစ်အကြောင်းကို ရေးသားပြုစုတင်သွင်းခဲ့သည်ဟု ကြားသိရဖူးပါသည်။

### နိုင်ငံရေးသမားပီသ

ပထမအကြိမ် ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် Mr.Shinzo Abe သည် ၂၆-၉-၂၀၀၆ ခုနှစ်မှ ၁၆-၉-၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဝန်ကြီးချုပ်မှအနားယူသော်လည်း လွှတ်တော်အမတ်ထိုင်ခုံ၌ သွားထိုင်ပြီး နိုင်ငံရေးသမားပီသစွာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အတူ Madame Akie Abe သည်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံသံရုံး၌ ပြုလုပ်ကျင်းပသည့် အမျိုးသမီးပွဲများကိုလည်း အားတက်သရော တက်ရောက်ချီးမြှင့်လေ့ရှိပါသည်။ ALFS အမျိုးသမီးအဖွဲ့အစည်းက ကျင်းပသည့် နိုင်ငံစုံအကပြပွဲမျိုးဖြစ်သည်။ ၎င်းအပြင် ကျောင်းဆရာကြီး မစ္စတာမတ်စုအီ၏ အိုကာဇာကီမြို့၌ ပြုလုပ်ကျင်းပသည့် မြန်မာနှင့်ဆိုင်ရာ ပွဲတော်များ၊ မြန်မာနိုင်ငံသို့ မီးသတ်ကားများ လှူဒါန်းပွဲများသို့ မြန်မာနိုင်ငံအား ချစ်သည့်စိတ်နှင့် တက်ရောက်ပေးခဲ့သည်ကိုလည်း တွေ့ရပါသည်။ ၎င်းသည် ဒေသခံဂျပန်များ၊ ကျွန်တော်တို့တစ်တွေနှင့် ဗန်သိုထမင်းဘူးမျိုးကို အတူတကွ ခင်မင်ရင်းနှီးစွာ စားသောက်တတ်သူတစ်ဦးဖြစ်သည်။ ကိန်းကြီးခန်းကြီး ဟန်ကြီးပန်ကြီးလုပ်တာမျိုးမတွေ့ရပါ။

### နာဂစ်မုန်တိုင်းကာလ Madame Akie Abe ၏ အကူအညီများ

ကျွန်တော်တို့နိုင်ငံတွင် နာဂစ်မုန်တိုင်းက ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်၌ သမိုင်း၌ မကြုံစဖူး သဘာဝဘေးအန္တရာယ်ဆိုးကြီးအဖြစ် ကျရောက်ခဲ့ရပါသည်။ လူပေါင်း ၇၇၇၃၈ ဦး သေဆုံးကာ ၅၅၈၁၇ ဦး ပျောက်ဆုံးပြီး ၁၉၃၈၅ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ထိုသဘာဝဘေးအန္တရာယ် နာဂစ်မုန်တိုင်းသင့်ဒေသကယ်ဆယ်ရေးကို အကြောင်းပြု၍ နိုင်ငံပေါင်းစုံမှ အကြောင်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးနှင့် ကူညီမည်ဟု တောင်းဆိုလာသည်ကို တွေ့ခဲ့ရပါသည်။ ကျွန်တော်တို့က ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီအဖွဲ့များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့ကို မြန်မာနိုင်ငံသို့ သွားရောက်နိုင်ရန် ဗီဇာများထုတ်ပေးခြင်းများ ကူညီဆောင်ရွက်ပေးပါသည်။

ထိုကြားထဲ မြန်မာနိုင်ငံကို သံယောဇဉ်ကြီးလှသော Madame Akie Abe သည် နာဂစ်ဖြစ်ပွားရာဒေသများသို့ သွားရောက်လှူဒါန်းလိုကြောင်း ပြောဆိုလာပါသည်။ ထိုအချိန်၌ သူက အစိုးရအဖွဲ့အတွင်းရေးမှူးချုပ်ဇနီးမဟုတ်တော့ပါ။ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း၏ဇနီးဖြစ်နေပါပြီ။ သို့သော် Mr.Shinzo Abe ဝန်ကြီးချုပ်အဖြစ်မှ နားသည်မှာ ရှစ်လခန့်ပင်ရှိပါသေးသည်။ ထုံးစံအတိုင်း သူက Personal သွားမည်ဖြစ်ပြီး ရန်ကုန်ရှိ ဂျပန်သံရုံးကိုပင် အသိမပေးပါ။ ဒီတော့လည်း ကျွန်တော်တို့က MOFA ကိုလည်း အကြောင်းမကြားတော့ပါ။ သူ၏ စိတ်ရင်းစေတနာကို သိထားယုံကြည်ထားပြီး ဖြစ်ပါသည်။ သူက ပုဂ္ဂိုလ်ရေးအမွှမ်းတင်လိုသူ၊ မည်သည်ကိုမျှ အကျိုးအမြတ်ထုတ်လိုသူတစ်ဦး မဟုတ်ပါ။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသို့သွားသည့်အခေါက်တိုင်း Low Profile နှင့်သွားခြင်းဖြစ်သည်။

ပြန်လာမှပင် သူ၏ခရီးစဉ်အကြောင်းကို လိုက်ပါသွားသူများမှတစ်ဆင့် မေးခဲ့ရပါသည်။ ထိုစဉ်က မုန်တိုင်းသင့်ထားသည်မှာ ပူပူနွေးနွေးမို့ ထိုဒေသသို့ ရောက်ရန် ခရီးလမ်းက ကြမ်းတမ်းလှပါသည်။ ကားတစ်တန်၊ ပဲ့ထောင်စက်လှေတစ်တန်၊ ခြေကျင်တစ်တန် ခရီးကြမ်းကို စွန့်စွန့်စားစားသွားခဲ့ရပါသည်။ သို့သော် သူ၏မှတ်ချက်စကားများကို တစ်ဆင့်ပြန်လည်ကြားရသည့်အခါ ကျွန်တော်တို့၏ မြန်မာစိတ်ရင်းအတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူခဲ့ရသည်မှာ အမှန်ပါ။

"ကျွန်မရောက်သွားတဲ့အိမ်က လယ်ကွက်ထဲမှာပါ။ အဲဒီအိမ်မှာ ပတ်ဝန်းကျင်ကအိမ်တွေ ပျက်စီးပြီး ဒုက္ခရောက်နေကြတဲ့သူတွေ စုပြီးနေကြတာပါ။ ကျပ်ကျပ်တည်းတည်း မလုံမလဲနဲ့ပါ။ ဒါပေမယ့် ကျွန်မတို့အဖွဲ့ကို သူတို့မှာရှိတဲ့ဆန်လေးတွေနဲ့ ထမင်းတွေချက်ကျွေးကြတယ်၊ ငါးဟင်းတွေလည်းပါတယ်၊ ခြံထွက်ဟင်းသီးဟင်းရွက်တွေနဲ့ပါ၊ ကျွန်မတို့အပြန်မှာ ပုစွန်ခြောက်လိုဟာမျိုးတွေ လက်ဆောင်အဖြစ်နဲ့ ပေးသေးတယ်၊ ကူညီဖို့သွားတဲ့သူတွေကို ဒုက္ခရောက်နေတဲ့သူတွေက ရှိတာလေးနဲ့ ထမင်းဟင်းချက်ကျွေးဧည့်ခံပြီး အပြန်မှာ လက်ဆောင်တောင်ပေးသေးတယ်ဆိုတာ ရှင်တို့မြန်မာနိုင်ငံပဲ ကမ္ဘာပေါ်မှာ ရှိတယ်ထင်ပါတယ်" တဲ့။

x x x x x

### သက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ်

ကျွန်တော်တို့အနေဖြင့် Madame Akie Abe အား သူ၏ GMI NGO ၏ လှူဒါန်းပွဲနှင့် ဧည့်ခံပွဲများ၌ ဆုံဖြစ်သည်က များပါသည်။ Mr.Shinzo Abe သည် တစ်ကျော့ပြန် ၂၀၁၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း၌ ဂျပန်နိုင်ငံ၏ စစ်ပြီးခေတ် သက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ်ဖြစ်ခဲ့ပါသည်။ ထိုကာလများ၌ မြန်မာနိုင်ငံသို့ ဝန်ကြီးချုပ်၏ဇနီးအနေဖြင့် Madame Akie Abe လာရောက်ခဲ့ပါသော်လည်း အချို့ကိစ္စရပ်များမှအပ အတတ်နိုင်ဆုံး Low Profile ပင်နေပါသည်။

ကျွန်တော့်အနေဖြင့်က Mr.Shinzo Abe နှင့် ၁၇-၅-၂၀၀၆ ရက်နေ့၌ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အနေဖြင့် ပထမဆုံး တွေ့ဆုံခဲ့ရသည်မှအပ ဂျပန်နိုင်ငံ၌ ထပ်မတွေ့ရတော့ပါ။ ၂၀၁၀ ပြည့်နှစ် ကုန်ခါနီး၌လည်း ကျွန်တော် မြန်မာနိုင်ငံသို့ အငြိမ်းစားယူရန် ပြန်ရောက်ခဲ့ရပါသည်။

သို့သော် ရန်ကုန်၌မူ မှတ်မှတ်ရရ တစ်ကြိမ်တွေ့ဆုံဖြစ်ပါသည်။ သမ္မတကြီး ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပါသည်။

ထိုစဉ်က ဝန်ကြီးချုပ် Mr.Shinzo Abe အား ရန်ကုန်လေဆိပ်၌ ခရီးဦးကြိုဆိုနှုတ်ဆက်ရသည့် အဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ကျွန်တော်ပါခဲ့ပါသည်။

ကျွန်တော့်အား တွေ့ရသည်နှင့် အံ့သြဝမ်းသာ ပြုံးရွှင်စွာဖြင့် နှုတ်ဆက်ပါသည်။

"တိုက်ရှိ (ဂျပန်လို သံအမတ်ကြီး)၊ တိုက်ရှိပါလား"

ယခုထက်တိုင် ကြားယောင်နေဆဲပါ။

x x x x x

ဝန်ကြီးချုပ် Mr.Shinzo Abe လက်ထက်၌ ကျွန်တော်တို့နိုင်ငံ၏ ဘီလီယံနှင့်ချီသော ကြွေးမြီတင်ရှိနေမှုများကို လျော်ပေးမှုများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များ၊ Soft Loan များ စသည်တို့ မြောက်မြားစွာ ရရှိခဲ့ပါသည်။ အသေးစိတ်ဖော်ပြရေးသားရန် လတ်တလောအချိန်မပေးနိုင်သေးသည့် ကျွန်တော့်အား နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။

အဓိကမှာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား သမိုင်းကြောင်းရှည်လျားသော ချစ်ကြည်ရင်းနှီးမှုနှင့် နက်ရှိုင်းစွာရှိသည့် ဆက်ဆံရေးကို အတွင်းကျကျသိရှိကြသော ပုဂ္ဂိုလ်ကြီးများ သက်ရှိထင်ရှားကျန်ရှိသည့် အရေအတွက်က နည်းပါးလှပါသည်။ ထိုသို့သောနှစ်နိုင်ငံအကြားဆက်ဆံရေးကို မျိုးဆက်အဆင့်ဆင့်အကြားလက်ကမ်းသယ်ဆောင်ပေးမည့် ပုဂ္ဂိုလ်ကြီးမျိုးများလည်း အထူးလိုအပ်လှပါသည်။

ထိုသို့သောပုဂ္ဂိုလ်များအနက် Mr.Shinzo Abe သည် အထင်ကရပုဂ္ဂိုလ်တစ်ဦးဟု ဆိုနိုင်ပါသည်။ အဘိုး ဝန်ကြီးချုပ်ခေတ်မျိုးဆက်၊ အဖေ နိုင်ငံခြားရေးဝန်ကြီးခေတ်မျိုးဆက်၊ သူတို့မျိုးဆက်များအကြား၌ ကျွန်တော်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ကွင်းဆက်များသဖွယ် ပေါင်းကူးတည်ဆောက်ခဲ့သူတစ်ဦးဆိုလျှင်လည်း မမှားပါ။

ထို့ကြောင့် ထိုသို့သောပုဂ္ဂိုလ်ကြီးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe ကွယ်လွန်သွားမှုအပေါ် ကျွန်တော်တို့အနေဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်ဟောင်း Mr.Shinzo Abe ကြိုးပမ်းဆောင်ရွက်ခဲ့သော ဂျပန်-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်ခိုင်မြဲပါစေဟု ဆန္ဒပြုရပါသည်။

ထို့အတူ သူတို့လေးစားတန်ဖိုးထား အသိအမှတ်ပြုခဲ့သည့် ကျွန်တော်တို့ မြန်မာနိုင်ငံ၏ စစ်မှန်သော ကိုယ်ပိုင်အမျိုးသားသွင်ပြင် ယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထာဝရထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေဟုလည်း ထပ်ဆင့်ဆန္ဒပြုရပါသည်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၀၀ | ၁၇၄၅ | ၁၇၄၀ | ၁၇၀၅ | ၁၇၄၅ | ၁၇၆၅ | ၁၇၅၀ | ၁၇၃၀ | ၁၈၂၅ | ၁၈၄၀ | ၁၇၃၅ | ၁၇၄၅ | ၁၇၈၀ | ၁၇၈၀ | ၁၇၈၅ | ၂၀၀၀ | ၂၅၉၀ |
| 95 Ron | ၁၇၄၅ | ၁၇၉၅ | ၁၇၉၀ | ၁၇၅၅ | ၁၇၉၀ | ၁၈၁၅ | ၁၈၀၀ | ၁၇၈၀ | ၁၈၇၀ | ၁၈၉၀ | ၁၇၈၅ | ၁၈၀၀ | ၁၈၃၀ | ၁၈၃၀ | ၁၈၃၀ | ၂၀၅၀ | ၂၆၄၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၇၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၀၉ | ၁၆၇၅ |
| 95 Ron | ၁၆၅၆ | ၁၇၂၃ |
| HSD (500 ppm) | ၂၀၂၉ | ၂၀၉၉ |
| HSD (50 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (10 ppm) | ၂၀၈၄ | ၂၁၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၃/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ( မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) ကို (၂၅-၇-၂၀၂၂)ရက်နေ့မှ ၂-၉-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်) အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး) အမှတ်- ၁၆၉ ၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်) ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ) အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မြစ်ကြီးနား) အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၁၂၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်) အမှတ် -၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ) မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရွာငံ) အမှတ်- ၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့၊ ဖုန်း- ၀၉-၇၈၁၁၁၆၂၇၂
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ထားဝယ်) အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅) နှစ်မှ (၁၂) နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၅၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၇၃ ဦး၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၁၆၁၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၈၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၀၉၇၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၇၅၂ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၇၇၉၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ကံဦးကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်ရှိ ကံသာဓမ္မာစရိယ ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဍိတာရုံကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ သာသနရံသီကျောင်းတိုက်သို့ လည်းကောင်း(ဝဲပုံ)၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ အောက်နမ့်ဟွယ်ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅-၇-၂၀၂၂

### ရွှေ

၁၅-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၂၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၀ ကျပ် | ၁၇၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၈၅ ကျပ် | ၁၈၂၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၈ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၈၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၇၈ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၅၀ | ၃၇၀၀၀၀ |
| MTSH | ၂၆၅၀ | ၂၆၀၀ | ၈၅၁ | ၂၂၁၃၁၅၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁ | ၇၃၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁၅၀ | ၃၈၂၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၂ | ၉၈၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၇-၂၀၂၂ စနေနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ်ဒီမိုကရေစီ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ '**ကျွန်တော်ချစ်သောမိန်းမများ**' (အပိုင်း-၁၅) (ဇာတ်သိမ်း)
- ၁၃:၃၀ MRTV National News
- ၁၄:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်**' (အပိုင်း-၂၁)
- ၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ်
- ၁၆:၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၇:၂၀ ရှုလေမြင်လေကမ္ဘာမြေ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသိရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**အမုန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၁၀၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၃၀)ဖြာမင်္ဂလာ '**ဟတာဝိတ္ထူဥပဋ္ဌာန်**' နှင့် '**ဒွိက**'
- ၂၂:၀၀ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း 'လူနှစ်ယောက်ကားတစ်စီးမိုးတစ်ည'

### mitv

- 07:01 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:08 Weekly Review
- 07:23 Htan Taw Drums (Part-II) "Dobat"
- 07:40 Myanmar Family Life: Rhythm & Rhymes for Myanmar Kids
- 08:00 Quiz Time (Ep-15)
- 09:01 News
- 09:26 Global Partnership for Brighter Future: Benin Pavilion at Expo 2020 Dubai
- 09:35 Let's go to Hlawga Nature Park
- 09:55 Dances of Myanmar: Kayah Traditional Flag Post Festival
- 10:02 Kindhearted Pet Lovers
- 10:12 Ocularist

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လူသားအားလုံးကျန်းမာဖို့နဂါးမောက်သီးစားကြပါစို့

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့

**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ထောပတ်သီးကြက်ဥလိပ်နှင့်ထောပတ်သီးကြက်ဥပေါင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဓလေ့ရိုးရာလက်မှုပညာမွန်ရိုးရာလက်ရက်တန်း

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
သာယာပါသည်ရခိုင်ဌာနီ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မုန့်ဖတ်ထောင်းပြုလုပ်နည်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိမ်တိုက်ကြားကဘောဂလီမြို့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ အာခါရိုးရာလေ့လာမည့်ဟွေယုန်းကျေးရွာ CBT
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၂၀ News Related Program
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တောင်းပန်ပါတယ်**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
- ၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ဆွေးနွေးကြမယ်၊ စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၆:၃၅ ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
- ၀၇:၄၅ ဘဝနောင်ရေးစိတ်အေးဖို့ဆီအုန်းစိုက်ပျိုးကြပါစို့
- ၀၉:၃၅ အရည်အသွေးပြည့်မီသောသရက်သီးများထုတ်လုပ်နိုင်ရေး GAP နည်းစနစ်များဖြင့် စိုက်ပျိုးပေး

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ **(ယာပုံ)** ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက အသိပညာပေးစကားပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသားခုနစ်ဦးတို့ကို ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်တစ်ဦး၏ ဖခင်ဖြစ်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ဇူလိုင် ၁၄ ရက်ကလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကရင်ပြည်နယ် ဘားအံမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လှိုင်းဘွဲ့မြို့နယ်ရှိ နယ်မြေခံတပ် အစည်းအဝေးခန်းမ၌ ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်း၏မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့လက်နက်



အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၁၅**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်



ထားရှိပြီးအထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ် မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေး

**သာပေါင်း ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ကျွဲ၊ နွား အရေပြား အကျိတ်ရောဂါအကြောင်း ရက်သတ္တပတ်လှုပ်ရှားမှုများကို ဇူလိုင် ၁၅ ရက်က ကွမ်းခြံကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်လင်းက မွေးမြူရေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာ၊ လျှာနာရောဂါ၊ အရေပြား အကျိတ်နာရောဂါနှင့် အာဖရိကဝက်အပြင်းဖျား ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ အသိပညာပေးဟောပြောပြီး တိရစ္ဆာန်ကျန်းမာရေးလက်ကမ်းစာစောင်ရေများကို ပြည်သူများ လက်ဝယ်သို့ အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် ဇီဝလုံခြုံမှု လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျွဲ၊ နွားပေါင်ပုပ်၊ လက်ပုပ် ရောဂါကာကွယ်ဆေး ကျွဲ၊ နွား ၃၅ ကောင်ကို ထိုးနှံပေးပြီး ဆက်လက်၍ ဇူလိုင် ၁၇ ရက်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဇော်သိန်း**
**(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုကွင်းဆင်း

**ပင်လောင်း ဇူလိုင် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြောက်ထီဗွာကျေးရွာအုပ်စု လယ်ကြားရွာ၌ တိရစ္ဆာန်များ ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်အဖြစ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနီနီဝင်းက တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ပင်လောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာနင်းအိခိုင်က ခွာနာလျှာနာရောဂါနှင့် အာဖရိက ဝက်အပြင်းဖျားရောဂါအကြောင်း၊ ဒုတိယကြီးကြပ်ရေးမှူး ဦးခွန်သန်းထွန်းက ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါအကြောင်းကို ရှင်းလင်းဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ကျေးရွာအတွင်း၌ ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဝက်မွေးမြူရေးခြံများကို ပိုးသတ်ဆေးများ ဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခွန်ရဲမင်းပိုင်(ပင်လောင်း)**

● **ကျော်ဖုံးမှ**

ယင်းပွဲကို လေးချီပြုလုပ်မည်ဖြစ်ပြီး ပထမနှင့် တတိယအချီတွင် MMA စည်းမျဉ်း၊ ဒုတိယနှင့် စတုတ္ထအချီတွင် နပန်းစည်းမျဉ်းများဖြင့် ထိုးသတ်ရမည်ဖြစ်သည်။ ONE Championship သည် နပန်းစည်းမျဉ်းဖြင့်သာ ထိုးသတ်ရသည့် အထူးပွဲစဉ်၊ MMA စည်းမျဉ်းနှင့် မွေထိုင်းစည်းမျဉ်းများဖြင့် ထိုးသတ်ရသည့် အထူးပွဲစဉ်များ ကျင်းပခဲ့ဖူးကြောင်း သိရသည်။ အောင်လအန်ဆန်နှင့် ထိုးသတ်မည့် အန်ဒရေဂါဗယ်အိုသည် ဒီရစ်ဒါနှင့် အထူးပွဲစဉ် ထိုးသတ်ဖူးပြီး ယင်းပွဲတွင် နပန်းစည်းမျဉ်းဖြင့် ထိုးသတ်ခဲ့ရာ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အောင်လအန်ဆန်သည် ယခုနှစ် ဖေဖော်ဝါရီတွင် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ပြီးနောက် ယခုပွဲစဉ်ကို ပထမဆုံး ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယင်းချန်ပီယံခါးပတ်များကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာနှင့် ၂၀၂၁ ခုနှစ် ဧပြီလတို့တွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး လက်လွှတ်ခဲ့ရသည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-ONE Championship**

ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နှီးမကျူးကျွ ဂျာနယ်
ထွက်ရှိ



၁၅-၇-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၁၄)တွင်
- စပါးပင်ရှင်သန်ကြီးထွားရန်အတွက်အရေးပါသော အာဟာရဓာတ်ဖြည့်ဆည်းမှု
- မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် လက်ဖက်
- ဝင်ငွေလည်းတိုး စားလို့ကောင်းသည့် ကျွဲကောသီး
- ဈေးကွက်မျက်နှာပန်းလှသော စပျစ်စိုက်ပျိုးရေးအကြောင်း တစေ့တစောင်း
- ဘဲမွေးမြူရေးဆိုင်ရာ သိထားသင့်သည့်အချက်များ
- အပူပိုင်းဒေသ နို့စားနွားမွေးမြူခြင်းနှင့် အစာကျွေးမွေးခြင်း
- ရာသီစာ ဆေးဖက်ဝင်နာနတ်သီးအကြောင်း သိကောင်းစရာ
- အသည်းကင်ဆာကြောက်စရာ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်း ဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မတော့ကုန်းကျေးရွာနေ ဇင်မာ(ခ) ဇင်မာဝင်းသည် ၎င်းအသုံးပြုသည့် “အမုန်းမပွားတဲ့ နှလုံးသား” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင် ရပ်ကွက်နေ မြတ်နိုးဦး(ခ)ပီနိုးသည် ၎င်းအသုံးပြုသည့် “P Noe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ သန့်စင်ကိုသည် ၎င်းအသုံးပြုသည့် “Thant Zin Ko” Facebook အကောင့်၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ သီဟကျော်နှင့် ၎င်း၏ဇနီးဖြစ်သူ ဇာနွယ်စိုးတို့သည် ၎င်းတို့အသုံးပြုသည့် “Thiha Kyaw” Facebook အကောင့်နှင့် “Zar Nwe Soe” Facebook အကောင့်၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်နေ လွှမ်းမိုးသည် ၎င်းအသုံးပြုသည့် “Hlwan paing” Facebookအကောင့်၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထန်းတောဦးနေ မျိုးသူအောင် (ခ) နက်ကျော်သည် ၎င်းအသုံးပြုသည့် “Myo Thu Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာဗိုလ်လုပွဲနှင့် လွဲချော်ပြီး ထိုင်းနှင့် ဖိလစ်ပိုင် ဗိုလ်လုပွဲ တက်ရောက်



မြန်မာနှင့် ထိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇူလိုင် ၁၅**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၅ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး နာမည်ကြီးထိုင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်း ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်အသင်းက ဗီယက်နမ်အသင်းကို လေးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းက အစဉ်အလာအတိုင်း မြန်မာအသင်းကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ယခုနှစ်အနည်းငယ်အတွင်း တစ်ဟုန်ထိုးတိုးတက်လာသည့် ဖိလစ်ပိုင်အသင်းက လက်ရှိချန်ပီယံ ဗီယက်နမ်ကို ဂိုးပြတ်အနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

မြန်မာအသင်းသည် ယခု ဆီမီးဖိုင်နယ်ပွဲအတွက် သေချာပြင်ဆင်ပြီး ယှဉ်ပြိုင်ခဲ့သော်လည်း ရရှိသည့် အခွင့်အရေးများ အသုံးမချနိုင်ခဲ့သဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဖိလစ်ပိုင်အသင်းသည် လက်ရှိချန်ပီယံ ဗီယက်နမ်ကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ပထမဆုံး တက်ရောက်နိုင်ခဲ့ပြီး ထိုင်းအသင်းမှာမူ ခုနစ်ကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း၏ ပွဲထွက်လူစာရင်းတွင် မေဇင်နွယ် (ဂိုး)၊ ခင်သန်းဝေ၊ ချစ်ချစ်၊ ဖြူဖြူဝင်း၊ နန့်ဇူဇူးထက်၊ ခင်မာလာထွန်း၊ နော်ထက်ထက်ဝေ၊ ခင်မိုမိုထွန်း၊ မြတ်နိုးခင်၊ စန်းသော်သော်၊ ဝင်းသီဂီထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို အပြန်အလှန်ကစားနိုင်ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ကန်ရာနတ်၊ ၈၂ မိနစ်တွင် ဆောင်ဝါလတ်တို့က သွင်းယူခဲ့သည်။

ဇူလိုင် ၁၇ ရက်တွင် တတိယလုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်၊ ဗိုလ်လုပွဲအဖြစ် ထိုင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တွေ့ဆုံနေပြီး အုပ်စုတူအသင်းများ ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-AFF**

# ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီနှင့် မူဆယ်မြို့နယ်တို့တွင် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ် ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီနှင့် မူဆယ်မြို့နယ်တို့တွင် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ် ပန်စုံကျေးရွာအနီး မန္တလေး-မူဆယ်သွားကားလမ်းတွင် မူဆယ်မှ မန္တလေးသို့တင်အောင်လှမောင်းနှင်ပြီး လှငွေလိုက်ပါလာသည့် TOYO-TA HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၂ ဒသမ ၅ တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းတည့် ၁၂ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) မီးပွိုင့်လမ်းဆုံတွင် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင် တာဝန်ခံသယ်ဆောင်သူ အားဖျင်နှင့် အားဆန် တို့ နှစ်ဦးအား WISH မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီတွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုနယ်မြေရှိ အုတ်စက်ရုံ ဂိုဒေါင်ကို ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေရာ ဂိုဒေါင်တာဝန်ခံ ဟန်မင်းအောင်(ခ) ထက်ကြီးနှင့် မခိုင်စုနွယ်(ခ) ခိုင်စုတို့အား တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၁ ဒသမ ၂၅ တန်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် ပိုတက်စီယမ်ဆာလဖိတ် ၂ ဒသမ ၄ တန်၊ ဆိုဒီယမ်ကာဗွန်နိတ် ၆ ဒသမ ၇၅ တန်၊ ဆိုဒီယမ်ကလိုရိုက် ၃၈၀ ကီလို၊ ဓာတုပစ္စည်း အနံ့နှင့် ဓာတ်ငွေ့ကာမျက်နှာဖုံး ၁၈ ခုနှင့် တွဲလျက်အသုံးပြုသည့် လေစစ်ဇကာ ၁၀၅ ခုတို့အားလည်းကောင်း၊ ညနေ ၅ နာရီတွင် မူဆယ်မြို့ စွမ်စော် ရပ်ကွက် စွမ်စော် (၄) လမ်းရှိ ဂိုဒေါင်ကို ဆက်လက်ရှာဖွေရာ ဂိုဒေါင်စောင့် သူရကျော်ကို တရားမဝင် သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၁ ဒသမ ၅၅ တန်နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ဆိုဒီယမ်အက်စီတိတ် ၅ ဒသမ ၃တန်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် ပိုတက်စီယမ်ဆာလဖိတ် ၂ ဒသမ ၄ တန်၊ ဆိုဒီယမ်ကာဗွန်နိတ် ၆ ဒသမ ၇၅ တန်၊ ဆိုဒီယမ်ကလိုရိုက် ကီလို ၃၈၀၊ ဓာတုပစ္စည်းအနံ့နှင့် ဓာတ်ငွေ့ကာမျက်နှာဖုံး ၁၈ ခု၊ လေစစ်ဆန်ခါ ၁၀၅ ခု တို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




မူဆယ်မြို့တွင် သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ။



သိန္နီမြို့နယ်တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများ။

(သတင်းစဉ်)

## ဒီရစ်ဒါနှင့် ဘစ်ဒက်ရှ်တို့၏ မစ်ဒယ်ဝိတ်ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပမည်

**MMA ဝိတ်တန်းနှစ်ခုချန်ပီယံ နယ်သာလန် နိုင်ငံသား ရှိုင်နီယာ ဒီရစ်ဒါနှင့် ချန်ပီယံဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီ ဘစ်ဒက်ရှ်တို့၏ One Championship 159 မစ်ဒယ်ဝိတ်ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကို ဇူလိုင် ၂၂ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပတော့မည် ဖြစ်သည်။**

ဒီရစ်ဒါသည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ကာကွယ်ပွဲအဖြစ် ယခုနှစ် ဖေဖော်ဝါရီလတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အဘာဆော့နှင့် ပွဲစဉ်၌ အနိုင်ရရှိခဲ့ပြီး ၎င်း၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ဆက်လက် ကာကွယ်နိုင်ခဲ့သည်။ ထို့ကြောင့် ဒီရစ်ဒါအနေဖြင့် ယခုအကြိမ် ထိုးသတ်မည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင်လည်း ပြိုင်ဘက် ဘစ်ဒက်ရှ်ကို အနိုင်ရရှိကာ ၎င်း၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ဆက်လက်ကာကွယ်သွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိဒီရစ်ဒါသည်ကစားသမား ဘဝ ၁၅ ပွဲ ထိုးသတ်ထားပြီး ၁၅ ပွဲစလုံး အနိုင်ရရှိထားသူဖြစ်သည်။



ပြိုင်ဘက် ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်သည် ဖေဖော်ဝါရီလတွင် အောင်လအန်ဆန်နှင့် နောက်ဆုံးထိုးသတ်ခဲ့ပြီး အနိုင်ရရှိခဲ့သဖြင့် ဒီရစ်ဒါကို စိန်ခေါ်ထိုးသတ်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဘစ်ဒက်ရှ်သည် ယခုအကြိမ်ထိုးသတ်မည့်ပြိုင်ပွဲတွင် ဒီရစ်ဒါကို အနိုင်ယူကာ ချန်ပီယံအဖြစ် အောင်ပွဲခံသွားမလား စောင့်ကြည့်ရမည် ဖြစ်သည်။ အသက် ၃၇ နှစ်အရွယ်ရှိ ဘစ်ဒက်ရှ်သည် ကစားသမားဘဝ ၁၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ထားရာ ၁၂ ပွဲနိုင်ပြီး နှစ်ပွဲ ရှုံးနိမ့်ထားသည်။



## မာတီနက်ဇ်ကို ခေါ်ယူရန် မန်ယူအသင်း နီးစပ်လာ

မန်ယူအသင်းသည် အိုင်းယက်စ်အသင်းမှ ခံစစ်ကစားသမား လီဆန်ဒရို မာတီနက်ဇ်ကို ခေါ်ယူရန် နီးစပ်လာပြီဖြစ်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ မာတီနက်ဇ်သည် အိုင်းယက်စ်အသင်းသို့ ၂၀၁၉ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပွဲ ၁၂၀ ပါဝင်ကစားထားသည်။ အဆိုပါ အပြောင်းအရွှေ့ဖြစ်မြောက်လာပါက မာတီနက်ဇ်သည် ဗီယင်နုအသင်းမှ မာလာစီယာပြီးနောက် နည်းပြသစ်တန်ဟတ်၏ ဒုတိယမြောက်ခေါ်ယူသည့် ကစားသမားဖြစ်လာမည် ဖြစ်သည်။

## ဘာစီလိုနာ၌ ဒမ်ဘီလီ စာချုပ်သစ် ချုပ်ဆိုမည်

ဘာစီလိုနာအသင်းသည် ပြင်သစ်တိုက်စစ်ကစားသမား အိုဆွန်မီဒမ်ဘီလီကို နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိပြီဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် ဒမ်ဘီလီ၏ ယခင်ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် ယခုနှစ်တွင် ကုန်ဆုံးခဲ့သော်လည်း ဘာစီလိုနာအသင်းက ၂၀၂၄ ခုနှစ် ဇွန်လအထိရှိမည်ဖြစ်သော သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။ ဒမ်ဘီလီသည် ၂၀၁၇ ခုနှစ်က ဒေါ့မွန်အသင်းမှ ဘာစီလိုနာအသင်းသို့ ကနဦးပြောင်းရွှေ့ကြေး ပေါင် ၉၆ ဒသမ ၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ၎င်းသည် ဘာစီလိုနာအသင်းအတွက် ပွဲ ၁၅၀ တွင် ၃၂ ဂိုးသွင်းပြီး ၃၄ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

## ခံစစ်ကစားသမား ကူလီဘာလီကို ချယ်ဆီး ခေါ်ယူမည်

ချယ်ဆီးအသင်းသည် နာပိုလီအသင်းမှ ဆီနီဂေါခံစစ်ကစားသမား ကူလီဘာလီကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၁ နှစ်အရွယ်ရှိ ကူလီဘာလီသည် နာပိုလီအသင်းသို့ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၁၇ ပွဲ ပါဝင်ကစားထားပြီး ၁၄ ဂိုး သွင်းယူပေးထားသည်။

## ဂိုးသမား သောမက်စ် စထရာကိုရှာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဘရန့်ဖို့ဒ် ခေါ်ယူ

ဘရန့်ဖို့ဒ်အသင်းသည် ဘယ်လ်ဘေးနီးယား ဂိုးသမား သောမက်စ် စထရာကိုရှာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အသက် ၂၇ နှစ်အရွယ် စထရာကိုရှာသည် ပြီးခဲ့သည့်နှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် လာဇီယိုအသင်းနှင့် လမ်းခွဲထားသူ ဖြစ်သည်။

၎င်းသည် ဘရန့်ဖို့ဒ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ စထရာကိုရှာသည် လာဇီယို အသင်း၌ ပွဲ ၂၀၀ ကျော် ပါဝင်ကစားထားသူဖြစ်သည်။ “သူက လာဇီယိုမှာ နံပါတ်တစ်ဂိုးသမားအဖြစ် ကစားနေတာ ကြာပါပြီ။ ဒါက အထင်ကြီးလေးစားစရာပါ။ နောက်ပြီး စီးရီးအေနဲ့ ဥရောပမှာ ကစားခဲ့တာကြောင့် အဲဒီအတွေ့အကြုံတွေကို သူနဲ့အတူ ယူဆောင်လာမှာပါ”ဟု ဘရန့်ဖို့ဒ်နည်းပြ သောမက်စ်ဖရန့်က ပြောသည်။



### နောက်ဆုံးရအားကစားသတင်းတိုများ

- ■ ချယ်ဆီးအသင်းသည် မန်ယူအသင်းမှ တိုက်စစ်မှူး စီရော်နယ်ဒိုကို ခေါ်ယူရန် လက်လျှော့လိုက်ပြီဖြစ်သည်။
- ■ ပီအက်စ်ဂျီအသင်းသည် အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား လီယွန်နယ် မက်ဆီကို တစ်နှစ် သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် စီစဉ်နေသည်။
- ■ အဲဗာတန်အသင်းမှ ခံစစ်ကစားသမား ဘရန့်ဝိတ် (၂၀နှစ်) ပီအက်စ်ဂျီအသင်းသို့ တစ်ရာသီအငှားဖြင့် ပြောင်းရွှေ့ကစားမည်။
- ■ ဝက်စ်ဟမ်းအသင်းသည် ဆက်ဆူအိုလိုအသင်းမှ တိုက်စစ် ကစားသမား စကမ်မက်ကာ (၂၃နှစ်) ကို ခေါ်ယူရန် ပေါင် ၃၃ ဒသမ ၉ သန်းဖြင့် ကမ်းလှမ်းလိုက်သည်။
- ■ အေစီမီလန်အသင်းသည် ပေါ်တူဂီတောင်ပံကစားသမား လီယိုကို ကာလရှည်စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားမည်။

## မန်စီးတီးတိုက်စစ်ကစားသမား စတားလင်းကို ဘာကြောင့် ချယ်ဆီး ခေါ်ယူခဲ့တာလဲ

ဂျာမနီလူမျိုးနည်းပြ သောမက်စ်တူချယ်ရဲ့ ချယ်ဆီးအသင်းဟာ လွန်ခဲ့တဲ့ ရက်အနည်းငယ်အတွင်းက မန်စီးတီးအသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ရာဟင်စတားလင်းကို ပေါင်သန်း ၅၀ နဲ့ အပြီးသတ်ခေါ်ယူလိုက်ကြောင်း ထုတ်ပြန်ကြေညာလိုက်ပါတယ်။ စတန်းဖို့ဒ်ဘရစ်မှာ ငါးနှစ် စာချုပ်သက်တမ်း ချုပ်ဆိုခဲ့တဲ့ အသက် ၂၇ နှစ်အရွယ် စတားလင်းဟာ အသင်းကို ပိုင်ရှင်သစ် လွှဲပြောင်းရယူပြီးနောက်ပိုင်း တူချယ်ရဲ့ ပထမဆုံးအဓိက ခေါ်ယူမှု ဖြစ်လာခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ စတားလင်းအနေနဲ့ ယခုနွေရာသီအပြောင်းအရွှေ့မှာ မန်စီးတီးအသင်းကနေ ပရီမီယာလိဂ်ခါးသီးပြိုင်ဘက်အသင်းကြီးခြောက်သင်းထံ ပြောင်းရွှေ့သွားတဲ့ ဒုတိယမြောက်ကစားသမား ဖြစ်လာခဲ့ပါတယ်။ စတားလင်း ချယ်ဆီးအသင်းကို မပြောင်းရွှေ့မီ မန်စီးတီးအသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဂါဘရီရယ် ဂျီးဆပ် အာဆင်နယ်အသင်းကို ပြောင်းရွှေ့ခဲ့တာပါ။

ပြောမယ်ဆိုရင် မန်စီးတီးအသင်းဟာ အသင်းသမိုင်းတစ်လျှောက် အဓိကဆုဖလား ၂၉ လုံး ဆွတ်ခူးရရှိထားတဲ့အထဲမှာ ပရီမီယာလိဂ်ဖလား လေးကြိမ်၊ လိဂ်ဖလား ငါးကြိမ်နဲ့ အက်ဖ်အေဖလားတစ်ကြိမ်ကို စတားလင်းရောက်ရှိပြီးမှ ရရှိထားတာပါ။ အဲ့ဒါကြောင့် စတားလင်းဟာ ကွင်းတွင်းစွမ်းဆောင်ရည် လိုအပ်ချက်ရှိခဲ့တယ်ဆိုရင်တောင် သူ့ရဲ့ ကြိုးစားအားထုတ်မှုကို လျစ်လျူရှုလို့မရတာ ပေါ်လွင်ပါတယ်။



စတားလင်း

ဒါကြောင့် စတားလင်းရဲ့ အပြောင်းအရွှေ့ဟာ မန်စီးတီးအသင်းအတွက် ကြီးမားတဲ့ ထိုးနှက်ချက်တစ်ခုဖြစ်ပြီး ချယ်ဆီးအသင်းအတွက် ဝှက်ဖဲတစ်ခုဖြစ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြတယ်။ စတားလင်းဟာ အီတီဟက်ကို ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲစုံ ၃၃၉ ပွဲ ပါဝင်ကစားထားပြီး ၁၃၁ ဂိုး သွင်းယူပေးထားပါတယ်။ ဒ့ါအပြင် ဂိုးဖန်တီးမှုအနေနဲ့ ၇၄ ကြိမ်အထိ ထောက်ပံ့ပေးထားနိုင်တယ်။

နည်းပြ ဂွါဒီယိုလာလက်အောက်မှာ ကစားခဲ့တဲ့ ထိပ်တန်းလိဂ်ငါးခုမှာ ဂိုးပါဝင်ပတ်သက်မှု အများဆုံး စာရင်းရဲ့ ဒုတိယနေရာမှာ စတားလင်းက ၁၈၉ ကြိမ် (ဂိုး ၁၂၀ + ဂိုးဖန်တီးမှု ၆၉) နဲ့ ရပ်တည်ထားနိုင်တယ်။ ၎င်းရဲ့အထက်မှာ မက်ဆီက ၂၉၁ ကြိမ် (ဂိုး ၂၁၁ + ဂိုးဖန်တီးမှု ၈၀) နဲ့ ရပ်တည်ထားတယ်။ တိုက်စစ်ကစားသမားတစ်ဦးရဲ့ အရည်အသွေးကို များသောအားဖြင့် သွင်းဂိုးအရေအတွက်ထက် ဂိုးပါဝင်ပတ်သက်မှုနဲ့ တိုင်းတာလေ့ရှိတာကြောင့် စတားလင်းကို ရောင်းချလိုက်ခြင်းက မန်စီးတီးအသင်းအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြတယ်။

ချယ်ဆီးအသင်းရဲ့ တိုက်စစ်မှာ ဝါနာ၊ ဘတ်ရှူအာယီ၊ ကနေဒီ၊ ဟာဗက်ဇ်၊ ပူလီဆစ်၊ ဇီယက်ဇ်တို့စသဖြင့် ရွေးချယ်စရာ ကစားသမားအများအပြား ရှိပေမယ့် ကိုယ်တိုင်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုပါ ပြုလုပ်နိုင်တဲ့ စတားလင်းကို ခေါ်ယူနိုင်ခဲ့တဲ့အတွက် လာမယ့်နှစ်မှာ ချယ်ဆီးအသင်း ဆုဖလားတွေ ဆွတ်ခူးသွားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ပြီးခဲ့တဲ့နှစ်မှာ ချယ်ဆီးအသင်းအတွက် လူကာကူက ၁၅ ဂိုး၊ ဟာဗက်ဇ်က ၁၄ ဂိုးနဲ့ မောင့်က ၁၃ ဂိုးနဲ့ ဂိုးအများဆုံးသွင်းယူထားပါတယ်။

ချယ်ဆီးအသင်းဟာ အပြောင်းအရွှေ့ကို ဆက်လက်လုပ်ဆောင်ဖွယ်ရှိရာ နာပိုလီခံစစ်ကစားသမား ကူလီဘာလီကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ပြီး မန်စီးတီးအသင်းမှ ဗဟို ခံစစ်ကစားသမား နသန်အကီကိုလည်း ခေါ်ယူရန် နီးစပ်နေပါတယ်။ ချယ်ဆီးအသင်းအနေနဲ့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၆ ရက်မှာ အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားသွားရမှာပါ။

■ မိုးဇက် - စုစည်းသည်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၇

ဦးသန်းဝင်းလှိုင် နှင့် ၁။ ဦးဝင်းအောင်
၂။ ဒေါ်သန်းမြင့်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၁၂၀၅)နေ ဦးဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်းမကြီး၊ အမှတ်(၄ူ-၂၆၂)နေ ဒေါ်သန်းမြင့်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးသန်းဝင်းလှိုင်က မြေနှင့်နေအိမ်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းစာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ်လ ၃ရက်(၁၃၈၄ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင်လ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောအောင်ထူး)**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ ဘိုဖိုးစောလမ်း၊ မြေကွက်အမှတ်(၉၅၆)၊ (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အား နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသည့် ဦးအောင်ကြည်ဝင်း ၁၂/စခန(နိုင်)၀၄၂၀၇၃ နှင့် ဒေါ်မြင့်မြင့်ခိုင် ၁၂/စခန(နိုင်)၀၄၂၀၇၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်အားကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၂၅-၇-၂၀၂၂)ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက် အရောင်းအဝယ်အား ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၁၀)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၈၆၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရှုပါရုံလမ်း၊ မြေကွက်အမှတ်(၃၉၀)၊ ဧရိယာပေ (၃၉/၄၀ x ၆၀)ပေရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြတ်မြတ်စိုး ၁၂/တမန(နိုင်)၀၆၁၄၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သိန်းသိန်းမြင့် ၁၂/အလန(နိုင်)၀၂၉၀၈၉က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ညောင်ရွာရပ်ကွက်၊ သကတ-၁၁၊ အောင်ချမ်းသာလမ်း၊ မြေကွက်အမှတ် (၂၄၃/ခ)၊ဧရိယာ ပေ(၂၀x၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်သင်းသင်းခိုင် ၁၄/နေဖ(နိုင်)၁၀၂၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဌေးလင်းဦး ၁၂/တတန(နိုင်)၁၅၇၃၉၇ က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ မြေကွက်အမှတ်(၈၉၀)၊ကွန်ခြာ(၈)လမ်း၊မြေအကျယ်အဝန်း(၂၀×၆၀)ပေ၊**ဦးပွ(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူဒေါ်သန်းသန်းဝင်း)**အမည်ပေါက်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော **R.C.C Building** အမျိုးအစား(၅)ထပ်တိုက်အနက်မှအကျယ်အဝန်း(၁၇×၅၁)ပေရှိပထမထပ်တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုကန်ထရိုက်တာ ဦးမျိုးသိန်းထွန်းထံမှဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်လင်း(၁၂/ဥကမ(နိုင်) ၁၈၆၃၈၉)** **နှင့်ဒေါ်ခင်ဇာဇာသိန်း(၁၂/ဥကမ(နိုင်)၁၉၉၁၁၁)**တို့ကလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ**ဒေါ်ညွန့်ညွန့်(၇/သကန(နိုင်)၀၈၀၃၉၄)**ကဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်မာလုံလောက်သောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်အားဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပိုပိုချစ် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၀)၊**
**အမှတ်(၈)ရိုးပတ်လမ်း၊မ.ဝ.တလမ်းဆုံး(၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဖုန်း-၀၉ ၂၅၉၁၀၈၈၉၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ကျော်စော ၁၃/တကန(နိုင်) ၃၆၂၇၇၂၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၁၇၄၅၅၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်အောင် ၁၃/ပလန(နိုင်)၀၄၅၄၉၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၂၂၄၁၆၇၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးချုံယင်း ၁၃/တကန(နိုင်) ၁၂၂၁၄၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၅၅၅၄၆၄**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) နားဘောင် Grade-11မှ နန်းမသန်း၏ ဖခင်အမည်မှန်မှာ ခွန်စောမောင် ၁၃/တကန (နိုင်) ၂၁၃၅၀၇ ဖြစ်ပါကြောင်း။

**ခွန်စောမောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6113, TOYOTA CROWN GRS182 SALOON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းဦး ၁၃/ကလန(နိုင်)၀၀၄၁၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် ဒေါနလမ်းထောင့်၊ အမှတ်(၁၂၆၅) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၈ ၁/၂)ထပ်တိုက်၏ ဒုတိယထပ်၊ ၃လွှာ(ခြေရင်းခန်း)၊ အခန်းအမှတ်(3-B)၊ အကျယ်(၁၉x၅၄)ပေရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေပိုင်ရှင် ဦးသိန်းထိုက်ဦး ၁၂/ဗတထ(နိုင်)၀၁၅၉၃၅ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ဝေဝေဖြိုး ၁၂/မရက(နိုင်)၁၃၉၆၁၅က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးတင်စိုး ၉/ညဥန(နိုင်)၁၆၅၄၇၈ (ဘ) ဦးမှုံကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၄၀၂၅)ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၂၃၇၉/၂၀၂၂ (၁၇-၃-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်လှလှမိုး ၁၁/ကဖန(နိုင်)၁၀၅၄၅၆ (ဘ)ဦးမောင်လှသိန်း မှ ဦးကျော်စွာထွန်း ၈/ ခမန(နိုင်)၀၂၀၁၆၁ နှင့် မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် မြေကွက်အမည်ပေါက်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅/တပင်ရွှေထီးရပ်၊တပင်ရွှေထီးရပ်ကွက်ရှိ တကသန်းဌေးအောင် ကိုယ်ပိုင်အမှတ် ၇၃၄၄၆၇ ၁၄/မအပ(နိုင်) ၂၄၉၇၂၄ (ဘ)ဦးရွှေတုတ် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၂၈၅၉ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်တင်တင်လှိုင် ၁၄/ဒဒရ(နိုင်)၁၂၁၈၁၅ (ဘ) ဦးတင်လှမှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကသန်းဌေးအောင် သေဆုံးခြင်းလက်မှတ် မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-H)၊ မြေကွက်အမှတ်(၇၆၅)၊ ဧရိယာ(၀ဒသမ၀၁၈)ဧက၊ အကျယ်အဝန်း ဧရိယာ(၂၀x၄၀) ပေမြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၀)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်မြေပေါ်တွင် တည်ဆောက်ထားသော နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့မြေစာရင်းတွင် ဒေါ်ခင်မျိုးသန့် ၁၂/ဒလန(နိုင်) ၀၀၇၉၇၄အမည်ဖြင့် မှတ်သား တည်ရှိသည့်နှစ်(၆၀)ဂရန်မြေဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မျိုးသန့် တရားဝင်ပိုင်ဆိုင်သည့် အဆိုပါမြေနှင့်အိမ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ဒေါ်ကြူကြူမာ ၉/နထက(နိုင်)၀၀၄၄၄၆မှ ဝယ်ယူရန် စရန်ငွေအချို့ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကိုလေး(B.A,H.G.P,R.L,D.I.L)** | **ဒေါ်သက်လျှာသာမြင့်(LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၈၀/၈၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၆၃/၀၄)** |
| **ဖုန်း-၀၉-၄၃၀၇၀၃၄၃** | **ဖုန်း-၀၉-၂၅၁၀၁၇၉၇၁** |

**အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်းခွဲ(၂)၊ အမှတ် (၂၁/၅)တွင် နေထိုင်သော ဦးအောင်ကျော်ထွန်း (ဘ) ဦးမောင်မောင်ခင် ၁၃/တကန(နိုင်)၁၄၃၇၅၂ သည် အောက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်များအား တောင်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်-

အိန်ချယ်ကွင်း

SMILE စမိုင်းလ်

**စာချုပ်အမှတ်-၁၅၄/၂၀၂၂(နေ့စွဲ-၁-၆-၂၀၂၂)** **စာချုပ်အမှတ် ၁၁၃/၂၀၂၂(နေ့စွဲ-၅-၅-၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် သဘာဝနပ်ကော်ဖီ၊ မုယောစပါး ရေနွေးကြမ်း၊ သဘာဝ လက်ဖက်ခြောက်နှင့် စားသောက်ကုန် အမျိုးမျိုးတို့အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊တစ်နည်းနည်းဖြင့် အသုံးပြုခြင်းများ မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပ သုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထွန်း**
**၁၃/တကန(နိုင်)၁၄၃၇၅၂**
**ဖုန်း-၀၉-၇၆၅၂၁၃၁၂၅**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဇေယျာသီရိ ၅လမ်း၊ အမှတ်(၄၅၃/ခ)နေ ဦးသောင်းညွန့်၏သား ဦးထွန်းထွန်းဝင်း ၁၄/လပတ(နိုင်)၁၉၄၂၈၆ နှင့် ဦးလွန်း၏သမီး ဒေါ်လင်းစန္ဒာအေး ၉/တသန(နိုင်)၁၅၀၁၇၂ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၄-၇-၂၀၂၂ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် တွဲဖက်ခရိုင် တရားသူကြီး(၃) ဦးချစ်ကိုကိုရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ဒေါ်လင်းစန္ဒာအေး နှင့် သားကြီးထင်ကျော်လင်း၊ သားလတ်မောင်အောင်ကောင်းခန့်၊ သမီး မအိဇဲ့ဟန်နီချိုတို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မာလာလမ်း(၅၃/B1)၊မြေညီထပ်တိုက်ခန်းနှင့် Honda Inside 1K/1297 တို့ကို အပြီးအပြတ် ပေးပြီးဖြစ်ကြောင်း၊ ကျွန်တော် ဦးထွန်းထွန်းဝင်း ပိုင်ဆိုင်သော အိမ်(၂)လုံး၊ 6L/4897 ကား(၁)စီး နှင့် ဦးထွန်းထွန်းဝင်း၏ စက်ပစ္စည်းနှင့်မှီများသည် ဒေါ်လင်းစန္ဒာအေးနှင့် လုံးဝ မသက်ဆိုင်ကြောင်းနှင့် နောက်နောင်တွင် ဒေါ်လင်းစန္ဒာအေး၏ ကိစ္စအဝဝတို့ကို ဦးထွန်းထွန်းဝင်း နှင့် လုံးဝမသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း**
**၁၄/လပတ(နိုင်)၁၉၄၂၈၆**
**ဖုန်း-၀၉-၄၂၀၃၀၇၄၇၆**

## အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ၆/ခ ၊ အောင်ရတနာလမ်းနေ ဦးကံမင်း ၁၄/ပသန(နိုင်)၁၅၆၈၁၂ ၏သမီး မလင်းသီရိအောင်အား မသွန်းသီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂) ရပ်ကွက်၊ ယုဇနလမ်း၊ ၁၅/၂၈၅နေ ဒေါက်တာသန်းတိုး၊ ဒေါက်တာ အမာချစ်တို့၏သား မောင်သန့်သူရတိုးအား ယနေ့မှစ၍ မောင်သန့်ဇေယျတိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သန့်ဇေယျတိုး**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ သဖန်းချိုကျေးရွာအုပ်စုနေ ဦးခင်လှိုင်၏ သမီးဖြစ်သူ မထက်မြတ်သော် ၇/သကန(နိုင်) ၁၅၁၄၅၀ အား မထက်မြက်သော်ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ဂုဏ်တန်ရပ်)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ဒသမ၀ ၅၈)ဧကရှိ အစိုးရမြို့မြေကွက်အား ဒေါ်ယုဇနဆွေ (ဘ)ဦးမြင့်ဆွေ ၈/အလန(နိုင်)၁၀၂၆၁၅မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများ တင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈၃၀/ကြပ်ပြင်ကြီးကွင်း)၊ ဦးပိုင်အမှတ်(N-၄၂)၊ မြေဧရိယာ(၀ဒသမ၀၆၀)ဧကရှိ အစိုးရမြို့မြေကွက်အား ဦးအောင်အောင်ဇော်(ဘ)ဦးဝင်းမောင် ၉/မခန(နိုင်)၁၇၀၇၃၇မှ မြေကွက်အရောင်းအဝယ် ကတိစာချုပ်၊တရားရုံးကျမ်းကျိန်လွှာမူရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စာတိုက် ၂လမ်း၊ တိုက်အမှတ် ၁၄၊ မြေညီထပ်(ဝဲဘက်) ရှိ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့် အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထွန်းဦး ၉/ မမန(နိုင်)၀၇၉၂၆၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ယဉ်နု ၁၄/ဘကလ(နိုင်)၂၆၅၀၈၄ က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့် မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## အမည်ပြောင်း

ဦးသန်းကျော်လင်း ၁/ မကန(နိုင်) ၂၀၄၆၀၄ ၏သမီး မြစ်ကြီးနားမြို့၊ အေးမြသာယာရပ်ကွက်၊ အမှတ် (၅/၃၉၆) နေ မမြသန္တာကျော်အား မဖူးယမုံသန့်ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ အထက(လုံးခင်း) ကျောင်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ဒသမတန်းမှ မဂျာဆိုင်းအောန် ၏ဖခင်အမည်မှန်မှာ ဦးလှသိန်း ၁၁/မပန(နိုင်) ၀၄၅၀၇၈ ဖြစ်ပါသည်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/2932 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/2496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/9371,Toyota Wish ZNE 10, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးတင် ၈/မထန(နိုင်)၀၂၅၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၂၂၇

ရောဝတီဘဏ်လီမိတက် နှင့် ၁။ ဦးတိုင်းကျော်
(၎င်း၏ကိုယ်စား ဒေါ်နန်းအေးစိုး၊ ၂။ ဒေါ်စိမ်းလဲ့အောင်
မန်နေဂျာ မန္တလေးဘဏ်ခွဲ–၁၈)

**တရားလို** **တရားပြိုင်များ**

ဒေါ်စိမ်းလဲ့အောင်၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မခက–၄၈၄–မြစ်ငယ်၊ မြို့ပြင်ရပ်၊ မြစ်ငယ်ဈေးညာဘက် (ရွှေမြစ်ငယ်ကဖေးအနီး)နေ ဒေါ်စိမ်းလဲ့အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အငှားဝယ်ယူစနစ်ဖြင့် မော်တော်ယာဉ် ဝယ်ယူခြင်းအတွက် ချေးယူထားသည့် ပေးသွင်းရန်ကျန်ငွေ၊ အတိုးနှင့်အရင်းများ ပေးဆပ်စေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းစေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စည်သူဝင်း )**
**ဒုတိယခရိုင်တရားသူကြီး(၉)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်ဆဋ္ဌမတိုက်တန်း ဆိုင်ခန်းအမှတ်(၂၀) သည်ဒေါ်ကြင်စိန် အမည်ပေါက်ပါသည်။ ဒေါ်ကြင်စိန်၏ ဆိုင်ခန်းမှတ်ပုံတင်အမည်ပေါက်စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် ၉–၇–၂၀၂၂ ရက်၌ မဟာမုနိဂေါပကအဖွဲ့ထံတွင် အမည်ပေါက်စာအုပ်အသစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မဟာမုနိဂေါပကအဖွဲ့စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဌာနစုမှူး(ဈေးအုပ်)**
**အခွန်ဘဏ္ဍာဌာန**
**မဟာမုနိဂေါပကအဖွဲ့ရုံး**

## ဒေါ်မိုင်းငင် ၁၃/နခန(နိုင်)၀၀၄၂၆၄၊
## ဒေါ်ထားမေ ၁၃/နခန(နိုင်) ၁၃၇၉၈၄ တို့နှင့်
## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကျန်းမာရေးရပ်ကွက်၊ ၅၇x၅၈လမ်းကြား၊ ၂၆(၂)လမ်းနေ ဦးစိုင်းအိုက်ဆာ (ဘ) ဦးစိုင်းကျော်ထွန်း ၁၃/နခန(နိုင်)၀၃၇၃၄၃မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။–

ကျွန်ုပ်နှင့်ဒေါ်မိုင်းငင်၊ ဒေါ်ထားမေတို့သည် နမ့်ခမ်းမြို့၊ မြို့မ(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၄၉/၁)၊ ဧရိယာ ၀ ဒသမ ၀၅၆ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တန်ဖိုးငွေကျပ် သိန်း(၆၅၀)ဖြင့် လွှဲပြောင်းရောင်းချရန် သဘောတူညီပြီး ၁–၁၁–၂၀၂၁ရက်တွင် စရန်ငွေကျပ် သိန်း(၅၅၀)ပေးချေကာ စရန်ငွေပေးကတိစာချုပ်ကို မန္တလေးမြို့၌ ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ ကျန်ငွေကျပ်သိန်း(၁၀၀)ကို၁–၄–၂၀၂၂ ရက်တွင် ပေးချေရန်သဘောတူညီခဲ့ကြပါသည်။ ကျွန်ုပ်က ၁–၄ –၂၀၂၂ရက်တွင် ကျန်ငွေပေးချေရန် ရောင်းချသူများထံသို့ သွားရောက်ပေးချေရာတွင် ရောင်းချသူများမှ ကျန်ငွေကိုလက်ခံခဲ့ခြင်းမရှိ ဆက်လက်ရောင်းချခြင်းမပြုတော့ဘဲ စရန်ပေးကတိစာချုပ်ပါ သဘောတူညီချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့ပါသည်။ ဒေါ်မိုင်းငင်နှင့် ဒေါ်ထားမေတို့အနေဖြင့်စရန်ပေးစာချုပ်ပါ ကတိအတိုင်း စရန်ငွေ၏ နှစ်ဆအား ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံပေးလျော်ရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ဒေါ်မိုင်းငင်၊ ဒေါ်ထားမေတို့မှ စရန်ပေးစာချုပ်ပါကတိအတိုင်း ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မိုင်းငင်၊ ဒေါ်ထားမေတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းအိုက်ဆာ**
**၅၇x၅၈လမ်းကြား၊ ၂၆(၂)လမ်း၊**
**ကျန်းမာရေးရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း–၀၉–၇၆၁၄၂၀၈၈၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်/မြေကွက် အမှတ်(၂–ဧ/21G)၊ ဧရိယာ၀ ဒသမ ၁၉၄ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်အေးမာခင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဒေါ်အေးမာခင်(ဘ) ဦးသီလ ၉/မမန(နိုင်)၀၀၆၇၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေကအဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စတွင် မိမိ၏အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပြည့်စုံခိုင်မာသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိသန်း**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၉၄၃၉)**
**LL.B, LL.M, D.B.L,D.I.L, DL–101,**
**IP Law (Geneva), Dip in MTU(Civil)**
**အမှတ်(၆၄/၁)၊ ၁၉x၂၀–လမ်းကြား၊ ၈၆x၈၇–လမ်းကြား၊ သစ္စာလမ်းသွယ်၊**
**အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း– ၀၉–၂၀၂၄၀၅၄**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် –၂၁၊ နည်းဥပဒေ –၂၂ )
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၂၁ နှင့်ဆက်နွှယ်သည့်
## ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် – ၃၈

ဦးစိုင်းလှိုင်မြတ်ထွန်း နှင့် ဦးနိုင်ဝင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အကွက်အမှတ် (သ–၉)၊ ဦးပိုင်အမှတ် (၆၁)၊(ခ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေ ဦးနိုင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်–၂၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုင်းလှိုင်မြတ်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်း ကြောင့်အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ်အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး( ၂ )**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)
## ချမ်းအေးသာစံမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် –၉

ဦးခန့်ကျော်သူ နှင့် ဦးမန်းကိုကို
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၆(အေ)လမ်း၊ ၁၀၁–၁၀၁(အေ)လမ်းကြား၊ မ–၂၄၊ ၁–၄၂၊ ၁–ဒနေ တရားပြိုင် ဦးမန်းကိုကို(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခန့်ကျော်သူက ငွေကျပ် ၈၉၀၀၀၀၀/– (ငွေကျပ်ရှစ်ဆယ့်ကိုးသိန်းတိတိ)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာ ရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ–၃၂၁၄၉)၊ မြေဧရိယာ၀ ဒသမ ၁၄၆ဧကရှိ ဦးညွန့်ရွှေ(ဘ)ဦးကံညွန့် ၁၂/ဒဂန (နိုင်)၀၁၂၄၁၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးညွန့်ရွှေထံမှ ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၆၆၄/၂၀၂၁)၊ ၁၄–၆–၂၀၂၁ ရရှိထားသူ ဒေါ်သက်စုဇင်ဝင်း(ဘ) ဦးအောင်ဝင်း၁၂/ဗဟန(နိုင်)၀၉၄၄၀၁မှ ဦးထွန်းအောင်ဝင်း (ဘ)ဦးအောင်ဝင်း ၁၂/ဗဟန (နိုင်)၀၈၄၄၉၉ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ–၃၂၁၅၀)၊ မြေဧရိယာ၀ ဒသမ ၁၄၆ဧကရှိ ဦးညွန့်ရွှေ(ဘ)ဦးကံညွန့်၁၂/ဒဂန (နိုင်)၀၁၂၄၁၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးညွန့်ရွှေ ထံမှ ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၃၆၆၅/၂၀၂၁)၊ ၁၄–၆–၂၀၂၁ ရရှိထားသူ ဒေါ်သက်စုဇင်ဝင်း(ဘ) ဦးအောင်ဝင်း၁၂/ဗဟန(နိုင်)၀၉၄၄၀၁ မှ ဒေါ်ကြွေကြွေဇင် (ဘ)ဦးတင်ဝမ် ၁၂/ဗဟန (နိုင်)၀၇၃၉၂၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ ရုံးကြီးရပ်)၊ မြေကွက် (ဒ–၂၄၉၄)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ဧကရှိ ဒေါ်ခင်စန်းရင် (ဘ) ဦးထွန်းမြင့် ၁၂/ရကန(နိုင်)၀၂၆၅၇၃အမည်ပေါက်မြေကွက်အား ဒေါ်ခင်စန်းရင်ထံမှ တောင်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၀၂/ ၂၀၁၁) ၂၈–၃–၂၀၁၁ ရရှိထားသူ ဦးတင်အောင်မျိုး (ဘ)ဦးစက်ချို ၉/မခန(နိုင်) ၁၄၉၆၈၀မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း) တင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးတင်အောင်မျိုး(ဘ)ဦးစက်ချို ၉/မခန(နိုင်) ၁၄၉၆၈၀ အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRIC POWER
## ELECTRIC POWER GENERATION ENTERPRISE

**Date. 16th July, 2022**

**Invitation to Bid for implementation of Ground Mounted Solar Power Plant Projects on Independent Power Producer and Build – Operate – Own Basis**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity at Designated Connection Points from the Ground Mounted Solar Power Plant Projects on Independent Power Producer (IPP) and Build Operate Own (BOO) basis.
2. The Concession period shall be twenty (20) years from Commercial Operation Date(COD).
3. The Tender Form can be purchased within office hour from the tender announced date at following office either;
   (1) Procurement Department,
   Electric Power Generation Enterprise,
   Building 27, Nay Pyi Taw, The Republic of the Union of Myanmar (or)
   (2) No.39 Kanner Road , Ahlone Power Station , Ahlone Township
   Yangon, The Republic of the Union of Myanmar
4. The Tender Form fee is Myamar Kyat three hundred thousand (Kyat 300,000) only.
5. The bid submission date is 16th September, 2022 at (10:00) hr, Myanmar Standard Time.
6. Bidders shall prepare the proposals in accordance with the Invitation for Bid and Request for Proposal (RFP).Bidder's Proposals must be submitted on time. Any late proposal shall be rejected.
7. The necessary information of this tender can be inquired within office hour via calling the phone numbers or sending mail to the Email;

Electric Power Generation Enterprise
Ministry of Electric Power
**Building 27, Nay Pyi Taw**
**Ph+95 9256323643, +95 9448543062**
**epgesolartender23@gmail.com**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ ရွှေကြာပင်၊ မြေကွက်အမှတ်(၂၅၄၅)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးတိုးဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ယမင်းနိုင် (ဘ) ဦးကျော်နိုင် ၅/ရဘန(နိုင်) ၁၆၂၂၄၅၅မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့နယ်၊ တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၅/ဈေးအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၈၀)၊ မြေဧရိယာ ၀ ဒသမ ၁၉၅ဧကရှိ မြေနေရာသည် ဖခင်ဖြစ်သူ ဦးရွက်ဆွမ်းအမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်(၃၄၀/၁၉၈၄–၁၉၈၅)ဖြင့် နှစ်(၁၀)သက်တမ်းရှိ မြေနေရာကို သားဖြစ်သူ ဦးအိုက်ဆမ်မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အိမ်မြေကွက်အား အမွေဆက်ခံကြောင်း မွေက်ဟကြေညာစာချုပ်ချုပ်ဆိုထားရှိပြီး ဦးအိုက်ဆမ် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်နန်းဆိုင်ဆာ ၁၃/မဆတ(နိုင်)၀၁၁၉၇၇ မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အိမ်မြေကွက်အား အမွေ ဆက်ခံကြောင်း မွေက်ဟကြေညာစာချုပ်ချုပ်ဆိုကာ အမည်ပြောင်း၊ သက်တမ်းတိုး မြေငှား ဂရန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၅/ဈေးအရှေ့ရပ်)၊ ဦးပိုင်အမှတ်(၈၀)၊ မြေဧရိယာ ၀ ဒသမ ၁၉၅ ဧကရှိမြေနေရာအား ဒေါ်နန်းဆိုင်ဆာအမည်ဖြင့် အမည်ပြောင်း၊သက်တမ်းတိုး မြေငှား ဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်း၊ သက်တမ်းတိုး မြေငှားဂရန် ထုတ်ပေးသွားမည် ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း–၂၊ မြေကွက်အမှတ် (၄၁၃၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးသန်းဦး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၈/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်လေးမြင့် ၁၀/ရမန(နိုင်)၀၀၈၅၉၆မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်မျိုးချောစု ၁၀/ရမန(နိုင်)၀၈၄၇၈၀နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ သဲမောင်းကုန်းကျေးရွာနေ ဒေါ်ခင်စန္ဒာခိုင် (ဘ) ဦးလှဆန်း ၉/နထက(နိုင်)၁၆၆၇၀၁သည် ကျွန်တော် ဦးသန်းယု ၉/မတရ(နိုင်)၁၁၇၇၉၄နှင့်ပေါင်းသင်းခဲ့ပြီး မိသားစုနှင့်အတူ နေထိုင်ခဲ့သည့် တရားဝင်ဇနီးမယားတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းယု(ခ)ဦးစန်းယု (ဘ) ဦးသိန်းခို**
**၉/မတရ(နိုင်)၁၁၇၇၉၄**
**ကုန်းတန်းလေးကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/3058 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/88466 Kenbo 125(Auto), M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltdက (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
